ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့၊ (27-5-2012)(၇၁၃၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း
မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီး
H.E.Mr. Jose Carlos da Fonseca Junior အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Jose Carlos da Fonseca Junior အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး **H.E.Mr. Jose Carlos da Fonseca Junior** အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ဆွေးနွေး

တွေ့ဆုံရာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ဇီဝစွမ်းအင်၊ သိပ္ပံနည်းပညာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဆိုင်ရာကိစ္စရပ်များတွင် လိုအပ်သောနည်းပညာများ အကူအညီပေးအပ်နိုင်ရေးနှင့် နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများအား အသေးစိတ်ဆွေးနွေးကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး **H.E.Mr. Jose Carlos da Fonseca Junior** အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်
ဒေါက်တာမန်မိုဟန်ဆင်း၏ ကိုယ်ရေးမှတ်တမ်း

ဒေါက်တာမန်မိုဟန်ဆင်းသည် အိန္ဒိယနိုင်ငံ၏ (၁၄) ဦးမြောက် ဝန်ကြီးချုပ်ဖြစ်ပြီး အတွေးအခေါ် ပညာရှင်နှင့် သုတေသီတစ်ဦးအဖြစ် အသိအမှတ်ပြုလေးစားခြင်း ခံရသူဖြစ်သည်။

ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းအား ၁၉၃၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ ပန်ဂျပ်ပြည်နယ်၌ မွေးဖွားခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ပန်ဂျပ်တက္ကသိုလ်မှ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို အောင်မြင်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ကိန်းဘရစ်ဂျ်တက္ကသိုလ်မှ စီးပွားရေးဆိုင်ရာ ပထမအဆင့်ဂုဏ်ထူးဘွဲ့ကိုလည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် အောက်စ်ဖို့ဒ်တက္ကသိုလ်ရှိ နပ်ဖီးလ်ကောလိပ်မှ စီးပွားရေးဆိုင်ရာ ဒေါက်တာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ဇနီး ရှုရီမာတီ ဂူရှာ ရန်ခါ။

၎င်းနောက် ပန်ဂျပ်တက္ကသိုလ်၊ ဒေလီစီးပွားရေးတက္ကသိုလ်နှင့် UNCTAD အတွင်းရေးမှူးချုပ်ရုံးတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၇ ခုနှစ်နှင့် ၁၉၉၀ နှစ်များအတွင်း ဂျီနီဗာမြို့ရှိ UNCTAD ၏ တောင်ဒေသကော်မရှင် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

၁၉၇၁ ခုနှစ်တွင် အိန္ဒိယအစိုးရ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် စီးပွားရေးအကြံပေးအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီးပွားရေးအကြံပေးအဖွဲ့ အကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ထို့နောက် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အတွင်းဝန်အဖြစ် လည်းကောင်း၊ စီမံကိန်းကော်မရှင်၏ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ Reserve Bank of India ၏ ဘဏ်ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ အိန္ဒိယဝန်ကြီးချုပ်၏ အကြံပေးအဖြစ်လည်းကောင်း၊ University Grants Commission ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း အစိုးရအဖွဲ့ ရာထူးနေရာအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းနောက် ၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ အိန္ဒိယ ဘဏ္ဍာရေးဝန်ကြီးအဖြစ် (၅)နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းမှ ချီးကျူးအသိအမှတ်ပြုခဲ့ရသည့် ပြည့်စုံကောင်းမွန်သော စီးပွားရေးပြုပြင်ပြောင်းလဲမှုမူဝါဒကို စတင်အကောင်အထည်ဖော်ခဲ့သည်။

ဒေါက်တာမန်မိုဟန်ဆင်း ရရှိခဲ့သော ဆုတံဆိပ်များနှင့် ဘွဲ့ထူးဂုဏ်ထူးများအနက် ထင်ရှားသောဆုများမှာ အိန္ဒိယနိုင်ငံ၏ ဒုတိယအမြင့်ဆုံး လူမှုထူးချွန်ဆု (Padma Vibhushan)(၁၉၈၇)၊ အိန္ဒိယ သိပ္ပံကွန်ဂရက်မှ ချီးမြှင့်သော ဂျဝါဟာလာနေရူး ရာပြည့်အထိမ်းအမှတ်ဆု (၁၉၉၅)၊ အာရှငွေကြေးဆိုင်ရာ ဘဏ္ဍာရေးဝန်ကြီးဆု (၁၉၉၃-၁၉၉၄)၊ ဥရောပငွေကြေးဆိုင်ရာဘဏ္ဍာရေးဝန်ကြီးဆု(၁၉၉၃)၊ ကိန်းဘရစ်ဂျ်တက္ကသိုလ်မှ ချီးမြှင့်သည့် Adam Smith ဆု (၁၉၅၆) နှင့် ကိန်းဘရစ်ဂျ်ရှိ စိန့်ဂျွန်ကောလိပ်မှ ချီးမြှင့်သော ထူးချွန်ပြောင်မြောက်သည့် စွမ်းဆောင်မှုဆိုင်ရာ Wright ဆု (၁၉၅၅)တို့ ဖြစ်သည်။ ထို့အပြင် ဂျပန်နိုင်ငံ နီဟွန်းကာဇိုင်းရှင်ဘွန်းအဖွဲ့ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

ကြေးမုံစာတည်းရှုထောင့် ၂၇-၅-၂၀၁၂[တနင်္ဂနွေနေ့]။

လိုက်လျောညီထွေပြောင်းလဲပြုပြင်

ပြုပြင်ပြောင်းလဲမှုများအား လုပ်ငန်းအလိုက်ပြုပြင်ကြရန် တိုက်တွန်းမှာကြားထားသည်ကို ကြားသိရသည်။ ပြုပြင်ပြောင်းလဲမှုများမှာ နိုင်ငံရေးပြောင်းလဲမှု၊ လူမှုရေးပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် စီမံခန့်ခွဲရေး ပြုပြင်ပြောင်းလဲမှုတို့ဖြစ်သည်။ ထိုပြုပြင်ပြောင်းလဲမှုတို့တွင် စီမံခန့်ခွဲရေး ပြုပြင်မှုသည် အဓိကကျသည်ဟုရှုမြင်မိသည်။

မည်သည့်အလုပ်ဖြစ်စေ စီမံခန့်ခွဲမှုကောင်းမှသာလျှင် လုပ်ငန်းလည်း အဆင်ပြေချောမွေ့မည်ဖြစ်သည်။ စီမံခန့်ခွဲမှုတစ်ရပ်သည် လူနည်းစုထက် လူများစုအတွက် ပိုမိုအရေးပါအရာရောက်မည်ဖြစ်သည်။ အချို့ကိစ္စရပ်များသည် အမြင်တင့်သော်လည်း အများအတွက် အကျိုးသက်ရောက်မှုနည်းသော ကိစ္စများလည်းရှိသည်။ မိမိ၏စီမံခန့်ခွဲမှုစနစ်သည် အနည်းအတွက်ထက် အများအတွက်ဖြစ်သင့်သည်။

ပြည်သူတစ်ဦးချင်းစီ နေ့စဉ်ကြုံတွေ့နေရသည့် စားဝတ်နေရေး၊ သွားလာရေး၊ နေထိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် သက်ဆိုင်သည့် စီမံခန့်ခွဲမှုစနစ်များသည် အထူးအရေးကြီးသည့်လုပ်ငန်းရပ်များ ဖြစ်သည်။ ထိုလုပ်ငန်းရပ်စနစ်တစ်ရပ်သည် ပြည်သူ့အတွက် အကျိုးသက်ရောက်မှု မရှိလျှင် ပြန်လည်ပြုပြင်ဆောင်ရွက်ရမည်ဖြစ်သည်။

အစီအမံများ၏ အကျိုးသက်ရောက်မှုများမှာ လူထုလူတန်းစားများ အတွက်ဖြစ်၍ အခြေခံမှစ၍ အသေးစိတ်သိရှိနိုင်ရန် လိုအပ်မည်ဖြစ်သည်။ အောက်ခြေ၏ ပကတိအခြေအနေမှန်ကို အသေးစိတ်မသိရှိပါက အသေးစိတ် စီမံခန့်ခွဲမှုမမြောက်ဘဲ ရှိနေမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသောအခါကာလတွင် ကျေးရွာ ရပ်ကွက် ဖွံ့ဖြိုးမှုအစီအမံ၊ မြို့နယ်ဖွံ့ဖြိုးမှု အစီအမံ၊ ဒေသဖွံ့ဖြိုးမှုအစီအမံများမှာ အရေးတကြီးလိုအပ်လာပေသည်။

နေထိုင်စရာတွင် ရေ မီးလိုအပ်ချက်၊ သွားလာရေးတွင် ယာဉ်၊ လမ်းလိုအပ်ချက်တို့သည် အထူးအလေးထား လေ့လာစီမံရမည့်အချက်များဖြစ်သည်။ မကြာသေးမီက နိုင်ငံတော်အကြီးအကဲက ပြည်သူလူထုအတွက်လိုအပ်ချက်များကို ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားပြီးဖြစ်သည်။

ထို့ကြောင့် လုပ်ငန်းနယ်ပယ်တစ်ခုချင်းအလိုက် အောက်ခြေအထိဆင်းပြီး လေ့လာသုံးသပ်ခြင်း၊ ကွင်းဆင်းစာရင်းကောက်ယူခြင်း၊ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ခြင်းတို့ကိုပြုလုပ်၍ အထက်စီမံခန့်ခွဲမှုသို့ ရောက်အောင် တင်ပြဆောင်ရွက်ကြမည်။ အောက်ခြေအဆင့်ဆင့်တို့က လမ်းညွှန်ချက်နှင့်အညီ တာဝန်သိသိ၊ သစ္စာရှိရှိ အများအကျိုးအတွက် ဆောင်ရွက်ကြမည်ဆိုလျှင် အောင်မြင်မည်ဖြစ်သည်။

လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်နေကြမည်ဆိုလျှင် ဝတ်ကျေတမ်းကျေ ဆောင်ရွက်မှု ဖြစ်ပေလိမ့်မည်။ ထိုအခါ လက်ရှိဖြစ်ပေါ်နေသော အခြေအနေတို့နှင့်အံဝင်ခွင်ကျ မဖြစ်ဘဲ အခက်အခဲများ ဖြစ်ပေါ်ပေလိမ့်မည်။ သာမန်အမှုကိစ္စဖြစ်၍ အမှုမဲ့နေလိုက်ခြင်းသည် ထိုအမှုမဲ့ပေါင်းများစွာမှသည် အမှုကြီးများဖြစ်သွားနိုင်သည်။ သေးသည့်အမှုကို ပပျောက်အောင်၊ ချောမွေ့အောင်ဆောင်ရွက်နိုင်သည့် စီမံခန့်ခွဲမှုစနစ်ငယ်လေးများ ရှိဖို့လိုမည်။

တစ်နေရာတွင် လိုအပ်ချက်များရှိနေသော်လည်း တစ်နေရာတွင် မလိုအပ်သည့်အချက်များရှိနေသည်မှာ အများအတွက် နစ်နာစေသကဲ့သို့ စီမံခန့်ခွဲမှုကိုလည်း ထိခိုက်စေပေသည်။ မလိုအပ်သည်ကို မလိုအပ်ကြောင်း၊ လိုအပ်သည်ကို လိုအပ်ကြောင်း အမှန်ကိုတင်ပြနိုင်မှသာ မှန်ကန်သော စီမံခန့်ခွဲမှု၊ မျှတသောစီမံခန့်ခွဲမှုတို့ကို ပြုနိုင်မည်ဖြစ်သည်။ နှမ်းတစ်စေ့ဖြင့် ဆီမဖြစ်သကဲ့သို့ နှမ်းအစေ့ပေါင်းများစွာကိုစုလျှင် ဆီအိုးကြီးဖြစ်လာမည်ဖြစ်ရာ မလိုအပ်သောနေရာများမှ တစ်ခုစီပေါင်းစုယူကာ အများအတွက်အကျိုးရှိအောင် ဆောင်ရွက်သင့်သည်။

သို့ဖြစ်ရာ လူနည်းစုအကျိုးဖြစ်ထွန်းရေးထက် လူများစုအကျိုးဖြစ်ထွန်းရေးကို ရှေးရှုသော အခြေခံကျသည့် စီမံခန့်ခွဲမှုစနစ်တစ်ခုချင်းစီအလိုက် ပြုပြင်ပြောင်းလဲပေါင်းစည်းဆောင်ရွက်ခြင်းဖြင့် ပြည်သူအများစု အဆင်ပြေချောမွေ့စေမည်ဖြစ်ရာ သမားရိုးကျဆောင်ရွက်နေမှုများအစား လက်ရှိအနေအထားနှင့် လိုက်လျောညီထွေရှိမည့် ပြုပြင်ပြောင်းလဲမှုများကို အမြန်ဆုံးပြောင်းလဲလုပ်ကိုင်ကြရန် လိုအပ်မည်ဖြစ်ပါသည်။ ။

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ကျောင်းအုပ်ကြီးနှင့် အဖွဲ့ဝင်များပါဝင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော် မေ ၂၆

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံး National Defence Studies Institute (NDSI) မှ ကျောင်းအုပ်ကြီး General Padetgarn Jansaewoke နှင့်အဖွဲ့ဝင်များပါဝင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြရာ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သစ်လင်းအုန်း၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်မြင့်နှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ယာပုံ) (သတင်းစဉ်)

မိတ္ထီလာတွင် မိုးခေါ်လွန်ဆွဲပြိုင်ပွဲကျင်းပ

မိတ္ထီလာ မေ ၂၆

မိတ္ထီလာမြို့တွင် မိုးရွာသွန်းမှုမရှိဘဲ အပူရှိန်မြင့်တက်နေခြင်းကြောင့် မိုးရွာသွန်းစေရန်ရည်ရွယ်ကျင်းပသည့် မြန်မာ့ရိုးရာမိုးခေါ်လွန်ဆွဲပြိုင်ပွဲကို မေ ၂၆ ရက် ညနေ ၃ နာရီခွဲတွင် မိတ္ထီလာတောင်ကန် (အထက-၁) အနီး သဲသောင်ပြင်၌ ကျင်းပကြောင်း သိရသည်။**(အောက်ပုံ)**

"၂၀၁၀ခုနှစ်ကလည်း နိုင်ငံအနှံ့မိုးမရွာလို့ မိုးခေါ်လွန်ဆွဲပြိုင်ပွဲတွေ လုပ်ခဲ့တယ်။ မိတ္ထီလာမှာလည်းလုပ်တယ်။ လွန်ဆွဲပြိုင်ပွဲလုပ်ပြီးတော့ မိုးနေ့စဉ်ရွာတာကို ကြုံတွေ့ရတယ်။ ရိုးရာယုံကြည်မှုရော၊ ဒေသခံပြည်သူတွေ အပူဒဏ်ခံစားနေရမှု လျော့ပါးသက်သာစေဖို့နဲ့ မိုးရွာသွန်းဖို့ ရည်ရွယ်ပြီး ကျင်းပတာပါ။ ၂၀၁၀ မိုးခေါ်လွန်ဆွဲပွဲလို လွန်ဆွဲအသင်းမများပါဘူး"ဟု မိုးခေါ်လွန်ဆွဲပြိုင်ပွဲ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မိုးခေါ်လွန်ဆွဲပြိုင်ပွဲတွင် အောင်ဇေယျာ၊ ရန်မျိုးအောင်၊ အောင်ဆန်း၊ ကျီတော်ကုန်း အမျိုးသားလွန်ဆွဲအသင်း လေးသင်းဖြင့် အမျိုးသားလွန်ဆွဲပြိုင်ပွဲကို လည်းကောင်း၊ ပညာရေးဌာန၊ စိုက်/ညီအဖွဲ့၊ ချည်/စက်၊ ပညာရေးကောလိပ် အမျိုးသမီးလွန်ဆွဲအသင်း လေးသင်းဖြင့် အမျိုးသမီး လွန်ဆွဲပြိုင်ပွဲကိုလည်းကောင်း မေ ၂၆ နှင့် ၂၇ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၅၉)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၆ - ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၄၀. ၀၀၀	၀. ၀၀၁၂၀
ထိုင်း (ဘတ်)	၃၁. ၆၃၀၀	၀. ၀၃၁၆၂
တရုတ် (ယွမ်)	၆. ၃၄၄၀၄	၀. ၁၅၇၅၃
အိန္ဒိယ (ရူပီး)	၅၅. ၃၇၀၀	၀. ၀၁၈၀၆
မလေးရှား (ရင်းဂစ်)	၃. ၁၅၅၉၉	၀. ၃၁၆၈၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၈၁၆၅	၀. ၇၈၀၂၄
ဂျပန် (ယန်း)	၇၉. ၆၇၀၀	၀. ၀၁၂၅၅
တောင်ကိုရီးယား(ဝမ်)	၁၁၈၅. ၅၀	၀. ၀၀၀၈၄
ယူရို	၀. ၇၉၈၈၈	၁. ၂၅၁၇၅
ဗြိတိသျှ (ပေါင်)	၀. ၆၃၈၃၉	၁. ၅၆၆၄၅

အင်တာနက်။

ယနေ့ ဖတ်စရာ မှတ်စရာ

"အနေဖြင့်" ဟောဟောသီသီသုံးစွဲနေ

မြတ်ဆွေ

ယခုတလော'အနေဖြင့်' ဟူသောစကားဆက်စကားလုံးကိုတော်တော်များများ အလွယ်တကူသုံးစွဲရေးသားနေသည်ကို သတိပြုမိပါသည်။

အနေဖြင့်သုံးစွဲပုံမှာ ကျွန်တော်နားလည်ထားသလိုတင်ပြရလျှင် 'ကျွန်တော်သည် သည်ကိစ္စတွင် လူကြီးတစ်ဦးအနေဖြင့် ပြောခြင်းမဟုတ်ပါ။ သာမန်လူတစ်ဦးအနေဖြင့် ပြောခြင်းဖြစ်ပါသည်'ဆိုသော သဘောမျိုး၌သာ သုံးစွဲနိုင်ပါသည်။ ခွဲခြားပုဒ်သဘောရှိပါ၏။

တစ်ကိုယ်တည်းအကြောင်းအရာအားဖြင့် ခွဲခြားသောသဘော၌သာ သုံးစွဲသင့်ပါသည်။ အကြောင်းအရာနှစ်ကိုယ်ခွဲ၍မရသော ပုဒ်များ၌သုံးစွဲ၍မဖြစ်ပါ။ ဥပမာ မြန်မာပြည်သည် တစ်ခုတည်းသာဖြစ်ပါသည်။ နှစ်ခု နှစ်မျိုးမရှိပါ။ သို့ဖြစ်၍မြန်မာပြည် အနေဖြင့်ဟု ရေးသားသုံးစွဲရန်မလိုပါ။ မသုံးသင့်ပါ။

ယခုအခါ စာနယ်ဇင်းများ၌ သတင်းခေါင်းပေးရာ၌ပင် 'မိမိတို့အနေဖြင့်' ဟု ခေါင်းတပ်မှုများကို တွေ့နေရပါသည်။ 'မိမိတို့သည်' ဟုရေးသားလျှင် ဖြစ်ပါသည်။ မလိုအပ်ဘဲ'အနေဖြင့်' ကို ထည့်သုံးထားသည်ကို တွေ့ရပါသည်။

အဘယ်ကြောင့် 'အနေဖြင့်' ကို ယနေ့စာနယ်ဇင်းသမားတွေ ဖောဖောသီသီ သုံးစွဲနေကြပါသလဲဟု တွေးစရာဖြစ်နေပါသည်။ မြန်မာစာပေသမိုင်းကြောင်းကို ကျွန်တော်တို့ပြန်ကြည့်သောအခါ၌ 'အနေဖြင့်' သုံးစွဲမှုမရှိခဲ့ပါ။

မင်းဘူးဦးဩဘာသ၏ ဝေသန္တရာဇာတ်တော်ကြီးဝတ္ထုသည် အလွန်အရေးအသားလှပ၍ ကျစ်လျစ်သိပ်သည်းသော မြန်မာစာအဖြစ်ဖတ်ရှုရပါသည်။ ထိုဝတ္ထုကြီး တစ်ပုဒ်လုံးတွင်'အနေဖြင့်' တစ်လုံးမှ မပါခဲ့ပါ။ ဝေသန္တရာမင်းကြီး၊ မဒ္ဒီဒေဝီ၊ သားတော်သမီးတော်နှစ်ပါး၊ သူတို့ကို အလှူခံသော ပုဏ္ဏားအိုတို့သည် စကားပြောကြပါသည်။

သို့သော် 'အနေဖြင့်'တစ်လုံးမျှမပါပါ။ ကျွန်တော်သည် မြန်မာစာအရေးအဖွဲ့ကောင်းသော စာရေးဆရာကြီးတို့၏စာများကို လေ့လာဖတ်ရှုမိပါသည်။ စာရေးဆရာကြီး သိပ္ပံမောင်ဝ၏စာများသည် ဝတ္ထုဆောင်းပါးအမည်ခံရေးဖွဲ့ထားပါသည်။ သူ့စာများ၌လည်း 'အနေဖြင့်' တစ်လုံးမှမတွေ့ရပါ။ အလားတူ ဆရာကြီး ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း၊ ဆရာကြီးဇေယျ၏ မြန်မာ့ကျေးရွာဓလေ့ ဆောင်းပါးများကိုလည်း လေ့လာဖတ်ရှုကြည့်ရာ 'အနေဖြင့်' စကားလုံး လုံးဝမပါပါ။

'ပြည်သူချစ်သောအနုပညာသည်များ' စာအုပ်များကို ဆရာမကြီးလူထု ဒေါ်အမာ ပြုစုရေးသားခဲ့ပါသည်။ သူ၏စာအုပ်ကြီးသည် စာမျက်နှာ ၅၀၀ ကျော်ရှိ၍ သတင်းကြီးသည့် မင်းသမီး မထွေးလေး၊ ရုပ်သေးမင်းသမီးဆရာပုကြီး၊ မြခြေကျင်း မငွေမြိုင်၊ ကောလိပ်စိန် ခေါ် မမြလွင်၊ နေမျိုးဗလကျော်သူဘွဲ့ရ ရွှာစားစိန်ဗေဒါ၊ နန်းတော်ရှေ့ ဆရာတင်၊ အသံမင်းသမီးလေဘာတီမမြရင်၊ မြို့မငြိမ်း စသော အနုပညာသည်ကြီးများအကြောင်းဖြစ်သည်။

သူတို့အကြောင်း ရေးသားဖော်ပြရာတွင် ဘယ်နေရာတွင်မှ 'အနေဖြင့်' စကားလုံးသုံးထားသည်ကို မတွေ့ရပေ။

တစ်နေ့က သတင်းတစ်ပုဒ်ဖတ်မိရာတွင် အနေဖြင့်ကို ၄ လိုင်းစာလုံးဖြင့် ခေါင်းတပ်ထားသည်ကို တွေ့ရသည်။

'အနေဖြင့်' တွေက ဘယ်မျှဖောင်းပွလာသလဲဆိုလျှင် ကျောင်းစာသင်ခန်းထဲသို့ပင် ရောက်လာသည်ကို တွေ့ရပါသည်။ မြေးဖြစ်သူ စာစီစာကုံးရေးထားသည်ကို ဖတ်မိသောအခါ များစွာအံ့ဩသွားမိပါသည်။

'ကျွန်တော်သည် စာကိုအလွန်ကြိုးစားပါသည်။ ကျွန်တော်၏ဆရာမကြီး အနေဖြင့် နေ့စဉ်စာကျက်ရန်မှာပါသည်။ ကျွန်တော့်အနေဖြင့် မနက်စောစောထ၍ စာကျက်စာဖတ်ပါသည်' ဟူ၏။ ။



မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇-၅-၂၀၁၂ (တနင်္ဂနွေနေ့)

၇း၀၅ တရားတော်
၈း၁၅ ဇာတ်လမ်းတို
၁၁း၃၀ ကာတွန်းအစီအစဉ်
-ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ
(အပိုင်း-၆၀)
၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
-အနားသတ်မညီသော
၁း၀၀ ကျန်းမာသုတ
၁း၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ရှင်သန်နေသရွေ့
(အပိုင်း-၂၉)
၄း၁၅ ဇာတ်လမ်းတို
၅း၂၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၃၀ ဘဝကြေးမုံ
- နေဝင်ချိန်မှာ
(စွမ်းရည်၊ မာရီနာ၊ စင်သီယာနှင့် သရုပ်ဆောင်များ)
[ဒါရိုက်တာ-ဆံပင် (IC)]
၆း၅၀ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-ထောင်စုနှစ်သမီးပျို
(အပိုင်း-၂၂)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ပဟေဠိနန်းတော်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရင်ခုန်သံများ ချစ်ခြင်းများဖြင့်" (အပိုင်း-၁)
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရှက်ဦးရဲ့လင်းသံစဉ် " (အပိုင်း-၁၃)

ရေနေဇီဝမျိုးစုံမျိုးကွဲများ လေ့လာသုတေသနပြုလုပ်ရေး၊ ရေအရည်အသွေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများ ဆွေးနွေး

နေပြည်တော်　　မေ　　၂၆

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဂျပန်နိုင်ငံ Saitama University, Department of Environmental Science မှ Assoc. Prof. Mr. Takeshi Fujino သည် ယမန်နေ့ညနေ ၄ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ရေနေဇီဝမျိုးစုံမျိုးကွဲများ လေ့လာသုတေသနပြုလုပ်ရေး၊ ရေအရည်အသွေးဆိုင်ရာ စီမံခန့်ခွဲအုပ်ချုပ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ရီနှင့် စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဂျပန်နိုင်ငံ Saitama University, Department of Environmental Science မှ Assoc. Prof. Mr. Takeshi Fujino လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဗီယက်နမ်အသံလွှင့်ဌာန ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်တွင် ကြည့်ရှုလေ့လာ

နေပြည်တော်　　မေ　　၂၆

နေပြည်တော်၌ လေ့လာရေးခရီးရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အသံလွှင့်ဌာန Radio the Voice of Vietnam(VOV)မှ Director Mr. Nguyen Chu Nhac ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရတနာဆင်ဖြူတော်ဆောင်ရှိ ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြသည်။

ထို့နောက်ဧည့်သည်တော် Radio the Voice of Vietnam (VOV) မှ Director Mr.Nguyen Chu Nhac ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)သို့ ရောက်ရှိလာကြရာ ကျောက်မျက်ရတနာပြတိုက်မှ တာဝန်ရှိသူများကကြိုဆိုကြပြီး ပြတိုက်အတွင်း၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ဗီယက်နမ်အသံလွှင့်ဌာန Radio the Voice of Vietnam(VOV)မှ Director Mr.Nguyen Chu Nhac ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်းရှိ စကျင်ကျောက်ထွင်း ဗုဒ္ဓဝင် ပန်းချီကားများအား ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

ပြောင်းလဲလာပြီဖြစ်သည့် မျက်စိအထူးကုဆေးရုံ

မောင်အေးငြိမ်း (ရန်ကုန်တက္ကသိုလ်)

ဟိုတုန်းကဆေးရုံနဲ့ ကျွန်တော်တို့ခေတ်ဆေးရုံ မတူတာတော့ အမှန်ပါ။ ယနေ့ခေတ် ဆေးရုံတိုင်းမှာ သွားရောက်ဆေးကုသသူ လူနာများရဲ့ တုံ့ပြန်သံတွေက တစ်ထပ်တည်းပါ။ ဆေးရုံတံခါးရဲ့ ယဉ်ကျေးမှု၊ ဆေးရုံသတ်မှတ်ချိန် ဝင်၊ ထွက်ချိန်မဟုတ်ရင် ၂၀၀ ကျပ်တန်လေးက ဝင်၊ထွက်ခွင့်ကို ဆုံးဖြတ်ပေးတဲ့ ယဉ်ကျေးမှု၊ လူနာကို ခွဲခန်းဝင်၊ ထွက် လူနာတင်ခုတင်တွန်းခကလည်း တန်ဖိုးတစ်ခု သတ်မှတ်ထားလေရဲ့။ ဆေးရုံတိုင်း မတူ၊ အနီးစပ်ဆုံး တူညီကြပါတယ်။ ကျပ် ၂၀၀၀ မှ ကျပ်၃၀၀၀၊ Wheelchair လူနာထိုင်ဘီးတပ်ကုလားထိုင်နဲ့ဆိုရင် ကျပ် ၁၀၀၀၊ ဒါတွေအားလုံးဟာ ယခင်အချိန်က ဆေးရုံများရဲ့ ယဉ်ကျေးမှုထုံးစံဆိုရင် မမှားပါ။ လုပ်အားခတန်ဖိုး သတ်မှတ်သည့် ယဉ်ကျေးမှုထုံးစံပေ့ါ။

အစိုးရသစ်လက်ထက် ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း ကျွန်တော်သဃ်န်းကျွန်း စံပြဆေးရုံ၊ မြောက်ဥက္ကလာပဆေးရုံတို့ကို တစ်ရက်စီခြားပြီး လူနာသတင်းမေးသွားရပါတယ်။ အပေါ်က ကျွန်တော်ပြောတဲ့ ယဉ်ကျေးမှု ရှင်သန်ဆဲပါ။ ယနေ့လို ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ ဒုတိယအဆင့်ကို စတင်ဆောင်ရွက်တော့မယ်ဆိုတော့ ဒါတွေ တဖြည်းဖြည်းချင်း လျော့နည်းသွားတော့မယ်လို့ ကျွန်တော်ထင်ပါတယ်။ သဃ်န်းကျွန်းစံပြဆေးရုံနဲ့ မြောက်ဥက္ကလာပဆေးရုံတို့ကိုသွားပြီး နှစ်ရက်အကြာ ၁၆-၅-၂၀၁၂ရက်ကလည်း ကျွန်တော် ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးကို ရောက်ခဲ့ပါတယ်။ ဘီးလင်းမြို့နယ် ကျိုက်ထီးဆောင်းက သူငယ်ချင်းတစ်ယောက်၏ ဇနီး မျက်စိတိမ်စွဲလို့ သွားပြတာပါ။ စပြတဲ့နေ့က ဆေးရုံထဲမှာ လူနာတွေ တစ်ပုံတစ်ပင်နဲ့ပေါ့၊ ပြင်ပလူနာဌာနမှာ စာအုပ်ဝယ်ပြီး တာဝန်ကျဆရာဝန်နဲ့ ပြရတယ်လေ၊ တာဝန်ကျဆရာဝန်က အသေအချာ စစ်ဆေးပြီး မျက်စိမှာ တိမ်စွဲနေကြောင်း၊ မနက်ဖြန် ဆေးရုံလာတက်၊ သန်ဘက်ခါ ၁၈-၅-၂၀၁၂ ရက်မှာ ခွဲမည့်အကြောင်း သေချာစွာရှင်းပြပါတယ်။ တာဝန်ကျသူနာပြုဆရာမကလည်း "မျက်ကြည်လွှာ တပ်ရမည့်အကြောင်း၊ မျက်ကြည်လွှာအမျိုးအစား အမျိုးမျိုးရှိပြီး ဈေးအမျိုးမျိုးနဲ့ပေ့ါ၊ မျက်ကြည်လွှာအတွက် သုံးသောင်း၊ ကျန်တဲ့ကိစ္စအတွက် တစ်သောင်းခြောက်ထောင် ပေါင်းလေးသောင်းခြောက်ထောင်ကျပ် ကျမည်ဆိုတဲ့အကြောင်း၊ မျက်စိခွဲပြီးသူက ပုံမှန်သုံးပေအကွာအဝေးကိုပဲ မြင်ရတယ်။ ဒါကြောင့် ပိုမြင်ချင်နေတော့ မျက်မှန်အထူကြီးတွေ တပ်ရတယ်။ အခုလို ခေတ်မီလာတဲ့အခြေအနေမှာတော့ မျက်မှန်အထူကြီးတွေ တပ်စရာမလိုတော့ဘဲ မျက်ကြည်လွှာ တပ်လိုက်ယုံပဲ"ဟု စိတ်ရှည်လက်ရှည် ရှင်းပြနေတာကို တွေ့ရတဲ့အခါ ကျွန်တော်အလွန်အံ့သြခဲ့ရပါတယ်။

ဆေးရုံတင်တဲ့နေ့မှာလည်း စီးလာတဲ့အငှားယာဉ် ဆေးရုံပေါ်တီကိုအောက်ရောက်တာနဲ့ တာဝန်ကျဝန်ထမ်းတစ်ဦးက ဆေးရုံတက်ဖို့လား၊ ဒါဆို အောက်ထပ်ညာဘက်ချိုးပြီး ဝင်သွားလိုက်ဆိုပြီး အသေအချာလမ်းညွှန်ပေးပါတယ်။ ဆေးရုံတက်လူနာ မှတ်ပုံတင်ရန် အခန်းကိုဝင်ပြီး ပြလိုက်တာနဲ့ ဆေးရုံတက်လက်မှတ်ကို ထုတ်ပေးပြီး အပေါ်ထပ်ကိုသွားဖို့ လမ်းညွှန်ပါတယ်။ အပေါ်ထပ်ရောက်လို့ အစိမ်းဝတ်သူနာပြုဆရာမကြီးကို ဆေးရုံတက်ကတ်ပြားပေးလိုက်တာနဲ့ အနီဝတ်သူနာပြုဆရာမလေးတစ်ဦးက မိမိတို့ကို ဦးဆောင်ပြီး ခုတင်နေရာချပေးပါတယ်။

ခွဲစိတ်မည့်နေ့ နံနက်ပိုင်းမှာ ခွဲစိတ်ခန်းဝင်ရပါတယ်။ ဆေး ၄၅၀၀ ကျပ်ဖိုးသာ ဝယ်ခိုင်းပြီး ခွဲစိတ်မှုပြီးဆုံးသွားပါတယ်။ အပေါက်စောင့်ဝန်ထမ်းကို လက်ဖက်ရည်ဖိုးပေးစရာမလိုဘူး။ တာဝန်ကျဆရာဝန်၊ သူနာပြုတွေကလည်း စိတ်ရှည် လက်ရှည်နဲ့ လူနာတွေ စိတ်ချမ်းသာမှုရှိစေရန် ကောင်းသောဝန်ဆောင်မှုတွေပေးတာကို မျက်မြင်ကိုယ်တွေ့မြင်တွေ့ခဲ့ပါပြီ။ လူနာရှင်နဲ့ လူနာတွေကို စိတ်ချမ်းမြေ့အောင် အကောင်းဆုံးဝန်ဆောင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးနေခြင်းပါပဲ။ နယ်မှလာသော လူနာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် ရောက်ရှိလာသည့် နွမ်းပါးသော လူနာများကို မနက်/ညစာပါ တာဝန်ယူကြောင်း သိရပါတယ်။ ခွဲစိတ်မှုကုန်ကျစရိတ်လည်း ပေးစရာမလိုတဲ့ ဆေးရုံဖြစ်ပါတယ်။ သူငယ်ချင်း၏ဇနီးကိုတော့ ဘာကြောင့်ရယ်မသိ နယ်မှလာရောက်သော်လည်း ဆေးရုံမှ ထမင်းစားခွင့်မရရှိပါ။ သို့သော်လည်း နွေးထွေးပျူငှာစွာ ကြိုဆိုခြင်း၊ စိတ်ရှည်လက်ရှည် ရှင်းပြခြင်း၊ စေတနာအပြည့်ဖြင့် ဝန်ဆောင်မှုပေးသော ဝန်ထမ်းများကြောင့် စိတ်ချမ်းသာခဲ့ရပါတယ်။ ကျေနပ်ခဲ့ရပါတယ်။ မျက်စိတစ်ဖက်ကိုခွဲတာ ငါးသောင်းကျပ်လောက်နဲ့ ပြီးသွားတာ အရမ်းကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် နယ်ဝေးကလာတဲ့ တောသူတောင်သားတွေကို သူနာပြုဆရာမတချို့က အော်ဟစ်ကြိမ်းမောင်းနေတာလေးတွေ ပြင်လိုက်ရင် ပိုကောင်းသွားမှာပါဟု သူငယ်ချင်း၏ဇနီးဖြစ်သူက သူကိုယ်တိုင်ကြုံတွေ့ခဲ့ရတာကို ရှင်းပြပါတယ်။

တကယ်တော့ ဆေးရုံကိုလာတယ်ဆိုတာ ပျော်လို့လာတဲ့သူ တစ်ယောက်မှ မရှိပါဘူး၊ ဝေဒနာခံစားရလို့ ဆေးကုသမှုခံယူချင်လို့သာ သောကဝေဒနာတွေ တစ်ပွေ့တစ်ပိုက်နဲ့ ပြည်သူ့ဆေးရုံတွေကို အားကိုးတကြီး ရောက်လာကြတာပါ၊ ဒီလိုအချိန်မှာ ကျန်းမာရေးဝန်ထမ်း ဆရာဝန်၊ သူနာပြုဆရာမတွေနဲ့ ဝန်ထမ်းများရဲ့ နွေးထွေးပျူငှာစွာ ကြိုဆိုမှု၊ အကြင်နာ၊ ကရုဏာတွေနဲ့ ဂရုတစိုက် ပြုစုကုသမှုတွေနဲ့ ရောက်လာတဲ့လူနာတွေကို အကောင်းဆုံး ဝန်ဆောင်မှုပေးရမှာပါ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရမှာပါ။ ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည်မှာ မျက်စိအထူးကုဆေးရုံကြီးမှာ ဝန်ထမ်းများအားလုံးကို အသိအမှတ်ပြုနေရပါပြီ။ အစိုးရသစ်လက်ထက် မူဝါဒအသစ်ဖြင့် ဆောင်ရွက်နေကြရာ ပြောင်းလဲလာခဲ့သည့် ဆေးရုံဖြစ်လာပါပြီ။ အမြင်တစ်ခုကို ပြောပြပါမယ်။ မိမိတို့၏ တံခါးပေါက်၊လူနာတင် ခုတင်တွန်းသည့် လုပ်အားခတန်ဖိုးသတ်မှတ်သည့် ထုံးစံကြောင့် မိမိဆေးရုံ၊ မိမိဆေးရုံ၏ အကြီးအကဲ၊ မိမိဌာန နာမည်ပျက်မည်ကို မတွေးမိ၊ မစဉ်းစားမိလေသည်လား၊ ယခင်က မတွေးမိ မစဉ်းစားခဲ့သည့်တိုင် ယခုတော့ စဉ်းစားကြစေချင်ပါတယ်။ ဝန်ကြီးဌာနတစ်ခုတည်း ကျန်သည့်ဆေးရုံများအားလုံး မူအားလုံးတူညီရမှာ ဖြစ်ပါတယ်။ ယခုလိုကွဲပြားနေခြင်း၏ အဖြေကို ရှာဖွေ၍ ပြုပြင်ပြောင်းလဲဖို့ လိုပါတယ်။

မည်သို့ပင်ဖြစ်စေကာမူ မိမိမျက်စိဖြင့် ကြုံတွေ့ခဲ့ရသည့် မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်) သည်ကား ခေတ်စနစ်နှင့်အညီ ပြောင်းလဲနေပါပြီ၊ အခြားဆေးရုံများကိုလည်း မျက်စိအထူးကုဆေးရုံကြီးကဲ့သို့ ဖြစ်စေချင်ပါတယ်၊ အတုယူစေချင်ပါတယ်၊ ခေတ်စနစ်နှင့်အညီ ပြောင်းလဲစေချင်ပါတယ်၊ ပြုပြင်ပြောင်းလဲမယ်လို့လည်း ယုံကြည်လျက်ရှိနေပါတယ်. . . ။　　။

မိုးကြိုးအန္တရာယ်မှ ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်အချက်များ

(က)　အိမ်အပြင်တွင်ရောက်ရှိနေပါက အိမ်ထဲသို့ချက်ချင်းပြေးဝင်ပါ။
(ခ)　ကွင်းပြင်တွင်ထီးတည်းကြီးမနေရန်၊ စောင့်ကြောင့်ထိုင်ပါ၊ ဒူးခေါင်းနှစ်ဖက်ပေါ်လက်များတင်ထားပါ၊ ခေါင်းငုံ့ထားပါ။
(ဂ)　သစ်ပင်၊ ဓာတ်တိုင်နှင့် သံထည်ပစ္စည်းများ အနီးတွင်မနေရန်၊
(ဃ)　ရေကူးကန်၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင် စသည့်နေရာများတွင် ရှိနေခဲ့လျှင် ရေထဲကချက်ချင်းတက်ပြီးလုံခြုံသော နေရာကိုရှာပြီးနေရန်၊
(င)　အဆောက်အအုံများ၏အလယ်တွင်သာနေရန်၊ ရေပိုက်များနှင့် ရေဆေးခွက်များအနီးတွင် မနေရန်(မိုးကြိုးလျှပ်စီးမှ တစ်ဆင့်ဓာတ်လိုက်တတ်သည်။)
(စ)　ကားထဲတွင် ရောက်နေပါက ကားထဲတွင်သာဆက်နေရန်၊
(ဆ)　တယ်လီဖုန်းဆက်သွယ်ပါက တယ်လီဖုန်းလိုင်းမှတစ်ဆင့် မိုးကြိုးထိမှန်နိုင်သဖြင့် ကြိုးဖုန်းများ မသုံးရန်၊
(ဇ)　အဆောက်အအုံများတွင် မိုးကြိုးလွှဲများတပ်ဆင်ထားရန်၊
(ဈ)　တီဗွီ၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖိုစသည့် လျှပ်စစ်နှင့်ဆိုင်သော အိမ်အသုံးအဆောင်ပစ္စည်းများကို ပိတ်ထားရန်၊
(ည)　လျှပ်စီးလက်သည်ကို မြင်သည်နှင့် (၁)မှ (၃၀) အထိရေတွက်ကြည့်ပါ၊ (၃၀) မပြည့်ခင် မိုးကြိုးပစ်သံကြားရပါက အမြန်ဆုံးအိမ်ထဲသို့ ပြေးဝင်ပါ။ (ဤလက္ခဏာသည် မိမိ၏ အပေါ်တည့်တည့်တွင် မိုးကြိုးမုန်တိုင်း ရောက်နေခြင်းဖြစ်ပါသည်။)
(ဋ)　မိုးကြိုးပစ်တာရပ်ပြီး နာရီဝက်ကျော်ကြာမှ အိမ်ပြင်သို့ထွက်ရပါမည်။



ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဖေစိန် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံစဉ်။ (သတင်းစဉ်)

မီး လောင်လျှင်

(က)　ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ)　ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ)　ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ)　မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

အာဖဂန်နစ္စတန် အောက်လွှတ်တော်၌ ဥပဒေကြမ်းကို မဲခွဲအတည်ပြုကြစဉ်။ (ဓာတ်ပုံ- အင်တာနက်)

အီရန်ရေတပ်အင်အားမြှင့်တင်နိုင်ရန် ဖျက်သင်္ဘောများကို တည်ဆောက်လျက်ရှိ

တီဟီရန် မေ ၂၆

အီရန်နိုင်ငံ၏ ရေတပ်အင်အားကို မြှင့်တင်နိုင်ရန် ဖျက်သင်္ဘောများကို တည်ဆောက်လျက်ရှိကြောင်း ရေတပ်တပ်မှူး ဗိုလ်ချုပ်ဟာဘီဘိုလာဆောယာရီက မေ ၂၆ ရက်တွင် ပြောကြားသည်။

အီရန်ရေတပ်သည် ပြည်တွင်း၌ ထုတ်လုပ်ခဲ့သော ဂျာမာရန် အမျိုးအစား ဖျက်သင်္ဘောထက် နည်းပညာအရ ပိုမိုအဆင့်မြင့်မားသော ဖျက်သင်္ဘောများကို ထုတ်လုပ်လျက်ရှိကြောင်း ရေတပ်ဗိုလ်ချုပ် ဆောယာရီက ပြောကြားသည်။

အီရန်ရေတပ်သည် နိုင်ငံတကာရေပိုင်နက်အတွင်း မိမိရေတပ်သင်္ဘောများ၏ စွမ်းပကားကိုမြှင့်တင်သွားမည်ဟု ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံ၌ ၁၉၇၉ ခုနှစ်က အစ္စလာမ့်တော်လှန်ရေး ဆင်နွှဲခဲ့ပြီးနောက် စစ်ဘက်ဆိုင်ရာကိရိယာများအား ပြည်တွင်း၌ ဖူလုံစွာထုတ်လုပ်နိုင်မည့် အစီအစဉ်တစ်ရပ်ကို ချမှတ်ကာ အကောင်အထည်ဖော်ခဲ့သည်။

အီရန်နိုင်ငံ၏ ရေတပ်တပ်ဖွဲ့များကို နောက်ဆုံးပေါ် နည်းပညာသုံး လက်နက်ကိရိယာများ တပ်ဆင်ပေးထားကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်။**

အီရန်နိုင်ငံက တည်ဆောက်ခဲ့သော ဖျက်သင်္ဘောအသစ်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

အမေရိကန်နှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး အာဖဂန် အောက်လွှတ်တော်အမတ်များ အတည်ပြု

ကဘူး မေ ၂၆

အာဖဂန်နစ္စတန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို အာဖဂန်နစ္စတန်နိုင်ငံ အောက်လွှတ်တော်က မေ ၂၆ ရက်တွင် အတည်ပြုလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယခုလအစောပိုင်းက အာဖဂန်နစ္စတန်နိုင်ငံသမ္မတ ဟာမစ်ကာဇိုင်းနှင့် အမေရိကန်သမ္မတ ဘာရက်အိုဘားမားတို့ ကဘူးမြို့တွင် လက်မှတ်ရေးထိုးခဲ့သော နှစ်နိုင်ငံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို မေ ၂၆ ရက်တွင် ကျင်းပသော အာဖဂန်အောက်လွှတ်တော်အစည်းအဝေး၌ လွှတ်တော်အမတ်အများစုက တစ်ခဲနက် အတည်ပြုခဲ့ကြောင်း လွှတ်တော်အမတ် ဟာဘီဘာဒါးနစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

၁၈၃ ဦး တက်ရောက်

အမတ်ဦးရေ ၂၄၉ ဦးရှိသည့် အာဖဂန်နစ္စတန် အောက်လွှတ်တော်အစည်းအဝေးသို့ အမတ်ဦးရေ ၁၈၃ ဦး တက်ရောက်ပြီး အမတ်ဦးရေ ၁၆၈ ဦးက ထောက်ခံမဲပေးခဲ့ကြကြောင်း၊ အမတ်ခြောက်ဦးက ကန့်ကွက်မဲပေးခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

ယင်းသဘောတူစာချုပ်ကို အာဖဂန်အထက်လွှတ်တော်သို့ ဆက်လက်တင်ပြရမည်ဖြစ်ပြီး အထက်လွှတ်တော်က အတည်ပြုပြီးပါက သမ္မတက နောက်ဆုံးလက်မှတ်ရေးထိုးကာ တရားဝင်ထုတ်ပြန်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ၂၀၁၄ ခုနှစ်၌ အာဖဂန်နိုင်ငံမှ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင် ၁၃၀၀၀၀ ခန့်အနက် အများစုကို ရုပ်သိမ်းပေးပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်အချို့ ဆက်လက်တည်ရှိမှုကို အမေရိကန်နှင့် အာဖဂန်ခေါင်းဆောင်များ သဘောတူခဲ့ကြသည်။

အင်တာနက်။

မြို့တော်ဂျကာတာရှိ လေဆိပ်ကို တိုးချဲ့တည်ဆောက်မှု စတင်မည်

ဂျကာတာ မေ ၂၆

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာရှိ အဓိကလေဆိပ်တစ်ခုကို ဇူလိုင်လမှစ၍ တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ဂျကာတာဂလုပ်သတင်းစာက မေ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာပေါ်၌ ခရီးသည်နှင့် ကုန်စည်ဝင်ထွက်မှုအရ နံပါတ် ၁၃နေရာတွင်ရှိသော ဆူကာနိုဟက်တာလေဆိပ်၏ ဝန်ဆောင်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်ပေးနိုင်ရန် စီမံကိန်းချမှတ်ထားကြောင်း လေဆိပ်လုပ်ငန်းကုမ္ပဏီအကြီးအကဲ ဆူနိုကိုက ပြောကြားသည်။

ဆူကာနိုဟက်တာလေဆိပ်ကို ၁၉၈၀ ပြည့်နှစ်လွန်အစောပိုင်းနှစ်များက တည်ဆောက်ခဲ့သည်။ ယင်းလေဆိပ်သည် တစ်နှစ်လျှင် ခရီးသည် ၂၂ သန်းအထိ ဝန်ဆောင်ပေးရန် ရည်မှန်းထားခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ်တွင် ခရီးသည် ၄၄ သန်းအထိ ဝန်ဆောင်ပေးခဲ့ရကြောင်း၊ သို့ဖြစ်၍ လေဆိပ်တိုးချဲ့တည်ဆောက်မည့် စီမံကိန်းတစ်ရပ်ကို ဇူလိုင်လတွင် စတင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဂျကာတာရှိ ဆူကာနိုဟက်တာလေဆိပ်ကို တွေ့ရစဉ် (ဓာတ်ပုံ-အင်တာနက်)

လေဆိပ်တိုးချဲ့တည်ဆောက်မှုကို အဆင့်အလိုက် အကောင်အထည်ဖော်မည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းပြီးစီးမည်ဟု မျှော်လင့်ရသည်။

လေဆိပ်ကို တိုးချဲ့တည်ဆောက်ခြင်းဖြင့် နှစ်စဉ်ခရီးသည် ၆၂ သန်းအထိ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။ **ဆင်ဟွာ။**

ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာ တရုတ်နိုင်ငံ တွေ့ကြုံရဖွယ်

ပေကျင်း မေ ၂၆

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့်အတူ စက်မှုလုပ်ငန်းများက စွမ်းအင်သုံးစွဲမှု ဆက်လက်မြင့်တက်လျက်ရှိရာ မဝေးသော အနာဂတ်ကာလတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာကို ဆိုးဆိုးရွားရွားတွေ့ကြုံရဖွယ်ရှိကြောင်း တရုတ်သိပ္ပံအကယ်ဒမီ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

၂၀၀၁ ခုနှစ်မှ ၂၀၀၈ ခုနှစ်ကာလအတွင်း တရုတ်နိုင်ငံရှိ ပြည်နယ် ၃၀၏ ပတ်ဝန်းကျင်ညစ်ညမ်းမှုအခြေအနေကို ဒေါင်ဘေးတက္ကသိုလ်နှင့် တရုတ်သိပ္ပံအကယ်ဒမီတို့မှ သုတေသနပညာရှင်များ ပူးတွဲလေ့လာခဲ့ကြသည်။

သုတေသီများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ စွမ်းအင်သုံးစွဲမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆက်စပ်ကာလေ့လာခဲ့ကြသည်။

တရုတ်နိုင်ငံ၌ ကုန်ထုတ်လုပ်မှုနှင့် အကြီးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုတို့အတွက် အကြီးအကျယ်ရင်းနှီးမြှုပ်နှံခဲ့သည်။ စီးပွားရေး တိုးတက်မှုနှင့်အတူ ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာမှာ ဒွန်တွဲဖြစ်ပေါ်လာခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **အင်တာနက်။**

အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်း ပါကစ္စတန်နှင့် အိန္ဒိယ လက်တွဲဆောင်ရွက်မည်

အစ္စလမ္မာဘတ် မေ ၂၆

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်း၌ လက်တွဲဆောင်ရွက်သွားကြရန် ကတိကဝတ်ပြုကြကြောင်း မေ ၂၆ ရက်တွင် ထုတ်ပြန်သော ပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွား အပန်းဖြေစခန်းမြို့ဖြစ်သော ဘူရာဘန်မြို့၌ နှစ်နိုင်ငံမှ ပြည်ထဲရေးအတွင်းဝန်များ နှစ်ရက်ကြာတွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ယင်းကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အကြမ်းဖက်မှုသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို ဆက်လက်ခြိမ်းခြောက်နေဆဲဖြစ်ကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်း၌ လက်တွဲဆောင်ရွက်နိုင်ရေးအတွက် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် နယ်စပ်ဒေသပိုင်နက်နယ်မြေအငြင်းပွားမှုများ ဖြစ်ပွားခဲ့ခြင်းနှင့်အတူ ဆက်ဆံရေးထိခိုက်ခဲ့ရသည်။

အင်တာနက်။

အာဖဂန်နစ္စတန်မှ ပြင်သစ်တပ်များ တစ်နှစ်စော၍ ရုပ်သိမ်းမည်ဟုဆို

ကဘူး မေ ၂၆

မူလရေးဆွဲထားသော အစီအစဉ်ထက် တစ်နှစ်စော၍ အာဖဂန်နစ္စတန်နိုင်ငံမှ ပြင်သစ်တပ်ဖွဲ့များကို ရုပ်သိမ်းရန် ၎င်း၏ ဆုံးဖြတ်ချက်အပေါ် သမ္မတဟော်လန်းက ခုခံပြောဆိုသွားကြောင်း ဘီဘီစီက မေ ၂၅ ရက်တွင် တင်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးတွင် မိန့်ခွန်းပြောကြားရာ၌ တိုက်ခိုက်ရေးတာဝန်မရှိသည့် ပြင်သစ်စစ်သည် ၁၃၀၀ ကို အချိန်ကာလ သတ်မှတ်ချက်မရှိထားရစ်ခဲ့ပြီး စစ်သည် ၂၀၀၀ ခန့်ကို ၂၀၁၂ ခုနှစ်ကုန်ပိုင်းတွင် ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တာလီဘန်တို့ကို လိုက်လံနှိမ်နင်း၍ အကြမ်းဖက်သမားများကို တိုက်ခိုက်ချေမှုန်းသော လုပ်ငန်းတာဝန်များမှာ ပြီးဆုံးလုနီးပြီဟု ပြင်သစ်သမ္မတက ပြောခဲ့သည်။

မြောက်အတ္တလန္တိတ်စာချုပ်(နေတိုး)အဖွဲ့က အာဖဂန်နစ္စတန်မှ တပ်ဖွဲ့များရုပ်သိမ်းရန် စီစဉ်ထားသော ၂၀၁၄ ခုနှစ်မတိုင်မီ တပ်များရုပ်သိမ်းရန် စီစဉ်မှုနှင့် ပတ်သက်၍ ပြင်သစ်အစိုးရမှာ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။

ယခုလစောစောပိုင်းကမှ ပြင်သစ်သမ္မတရာထူးကို ရယူခဲ့သူ ဟော်လန်းသည် ကဘူးမြို့သို့သွားရောက်၍ အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သည်။

သမ္မတဟောင်း နီကိုလပ်ဆာကိုဇီ ချမှတ်ထားခဲ့သော အာဖဂန်မှတပ်များ ရုပ်သိမ်းရန် အချိန်ဇယားထက် တစ်နှစ်စော၍ ပြင်သစ်တပ်များရုပ်သိမ်းပါမည်ဟု ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း ဟော်လန်းက မဲဆန္ဒရှင်များကို ကတိကဝတ်ပြုခဲ့သည်။ **အင်တာနက်။**

ပြင်သစ်သမ္မတ ဟော်လန်း အာဖဂန်နစ္စတန် ခရီးစဉ်အတွင်း ရဟတ်ယာဉ်ပေါ်မှ ဆင်းနေစဉ်။ (ဓာတ်ပုံ- အင်တာနက်)

ပုံဆောင်ခဲပွဲ့စည်းဖြစ်တည်မှုများအား လေ့လာခြင်းဖြင့် မီးတောင်ပေါက်ကွဲမှုကို တစ်နှစ်ကြိုတင်ခန့်မှန်းနိုင်ဖွယ်ရှိ

ဘရစ္စတိုး မေ ၂၆

မီးတောင်တစ်လုံး၏ ကျောက်ရည်ပူများထဲ၌ ဖွဲ့စည်းဖြစ်တည်နေသော ပုံဆောင်ခဲများသည် ယင်းမီးတောင် နောက်တစ်ကြိမ်ထပ်မံပေါက်ကွဲမည့်ကာလအား တစ်နှစ်စော၍ကြိုတင် ခန့်မှန်းနိုင်ရန် အထောက်အကူပြုဖွယ်ရှိကြောင်း သုတေသနပညာရှင်များက မေ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

၁၉၈၀ ခုနှစ်မှ ၁၉၈၆ ခုနှစ် ကာလများအတွင်း အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်မှ စိန့်အယ်လင်နာ မီးတောင်ပေါက်ကွဲမှုများကို လေ့လာခဲ့ရာ ပေါက်ကွဲမှုမဖြစ်ပွားမီ ကျောက်ရည်ပူများအတွင်း သံဓာတ်နှင့် မဂ္ဂနီဆီယမ်ဓာတ်များ ပါဝင်သော ပုံဆောင်ခဲများ လက်ဦးမဆွဖြစ်ပေါ်တတ်ကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ရသည်။

မီးတောင်ပေါက်ကွဲမှုမဖြစ်မီ ၁၂ လမျှအလိုတွင် ကျောက်ရည်ပူများအတွင်း ပုံဆောင်ခဲများဖွဲ့စည်းမှုနှုန်း အမြန်ဆုံးဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

မီးတောင်များသည် ရုံဖန်ရံခါ ကြိုတင်သတိပေးလက္ခဏာများ ပြသခြင်းမရှိဘဲ ပေါက်ကွဲမှုဖြစ်ပေါ်တတ်ရာ မီးတောင်တစ်လုံးပေါက်ကွဲမှုအား ကြိုတင်ခန့်မှန်းနိုင်ရေးသည် မြေအောက်လှုပ်ရှားမှုများ၊ မြေပြင်ပေါ်အပြောင်းအလဲ များ၊ ဓာတ်ငွေ့ ထွက်ပေါ်မှု၊ ရေမျက်နှာပြင်အခြေအနေနှင့် ယင်းရေပြင်၌ပါဝင် သည့် ဓာတုပစ္စည်းအပြောင်းအလဲများကို စောင့်ကြည့်နိုင်ခြင်းအပေါ် မူတည်ကြောင်း သိရသည်။

၁၉၈၀ ခုနှစ် နောက်ပိုင်းမှစ၍ ယနေ့အချိန်ထိ မီးတောင်ပေါက်ကွဲမှုများကြောင့် ကမ္ဘာတစ်ဝန်းလုံး၌ လူပေါင်း ၂၉၀၀၀ သေဆုံးခဲ့ရကြောင်း အမေရိကန်ပြည်ထောင်စု ဘူမိတိုင်းတာရေးအေဂျင်စီ၏ အဆိုအရသိရသည်။ အင်တာနက်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်ရှိ စိန့်ဟယ်လင်နာမီးတောင်မှ ရေငွေ့များနှင့် မီးတောင်ပြာများ ထွက်ပေါ်နေသည်ကို တွေ့ရစဉ်။

နာဇီခေတ် ရာဇဝတ်မှုများကို ဂျာမန်ဆရာဝန်များ တောင်းပန်

ဘာလင် မေ ၂၆

ဒုတိယကမ္ဘာစစ်ကာလ နာဇီများလက်ထက် ကျူးလွန်ခဲ့ကြသော ဂျာမန်ဆရာဝန်များ၏ ရက်စက်မှုအသားပေး စမ်းသပ်မှုများနှင့် အခြားလုပ်ရပ်များအတွက် တောင်းပန်ကြောင်း ဂျာမန်ဆေးဘက်ဆိုင်ရာအသင်းက မေ ၂၆ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

နာဇီများလက်အောက်ရှိ ဂျာမန်ဆရာဝန်အတော်များများသည် လူ့အခွင့်အရေးဖောက်ဖျက်မှုများ အမြောက်အမြားကျူးလွန်ခဲ့ကြကြောင်း၊ ယင်းအတွက်ကြောင့် ၎င်းတို့၏ ဓားစာခံဖြစ်ခဲ့ရသူများနှင့် ဆွေမျိုးအဆက်အနွယ်များအား တောင်းပန်ကြောင်း နူရင်ဘတ်မြို့၌ ယခုသီတင်းပတ်အတွင်း ထုတ်ပြန်ခဲ့သော ဂျာမန်ဆေးဘက်ဆိုင်ရာအသင်း၏ ကြေညာချက်တွင် ဖော်ပြထားသည်။

စစ်အကျဉ်းသားများအား မျိုးဆက်မပြန့်ပွားနိုင်အောင် လုပ်ဆောင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိသူ သို့မဟုတ် လူတစ်ဦးအဖြစ် အသက်ရှင်ရန် မသင့်လျော်သူအဖြစ် သတ်မှတ်ခံရသူများအား သတ်ဖြတ်ခြင်းစသည့် ဒုတိယကမ္ဘာစစ်ကာလအတွင်း နာဇီတို့၏ စီမံချက်များတွင် ဂျာမန်ဆရာဝန်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ရသည်။

အင်တာနက်။

ကျားလိုက်မုဆိုးများကို တွေ့သည့်နေရာမှာပင် ပစ်ခတ်ဖမ်းဆီးရန် အိန္ဒိယနိုင်ငံ ပြည်နယ်တစ်ခု၌ ညွှန်ကြားချက်ထုတ်ပြန်ထား

ဒေလီ မေ ၂၆

ကျားသတ္တဝါများ သတ်ဖြတ်ခံရမှုထိန်းချုပ်ရေးအတွက် ကျားပစ်မုဆိုးများကိုတွေ့ရှိပါက တွေ့သည့်နေရာမှာပင် ပစ်ခတ်ဖမ်းဆီးရန် အိန္ဒိယနိုင်ငံ မဟာရာရှတြပြည်နယ် ပြည်နယ်သစ်တောဝန်ကြီးဌာနက သစ်တောလုံခြုံရေးဝန်ထမ်းများအား ညွှန်ကြားထားကြောင်း မေ ၂၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကျားပစ်မုဆိုးများအား တွေ့သည့်နေရာတွင်ပင် ပစ်ခတ်ဖမ်းဆီးရမည်ဟူသော သစ်တောဝန်ကြီးဌာန၏ ညွှန်ကြားချက်ကို အခြားတာဝန်ရှိသူများက အတည်ပြုခဲ့သော်လည်း နောက်ဆုံးမတတ်သာသည့် အခြေအနေသို့ရောက်မှသာ ယင်းညွှန်ကြားချက်အတိုင်း လိုက်နာလုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် မဟာရာရှတြပြည်နယ်သစ်တောဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့် ယင်းညွှန်ကြားချက်အပေါ် ပြည်နယ်အစိုးရ၏ ရှုမြင်ပုံတို့အရ ကျားပစ်မုဆိုးများအဖြစ် ယူဆရသူများအား သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာများ ရရှိစေခြင်းတို့သည် ရာဇဝတ်မှုမမြောက်ကြောင်း သတ်မှတ်ရဖွယ်ရှိရာ ဥပဒေရေးရာအရ အငြင်းပွားမှုများလည်း ပေါ်ပေါက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံ ကော်ဘတ်အမျိုးသား ဥယျာဉ်အတွင်း ထိန်းသိမ်းစောင့်ရှောက်ထားသော ကျားတစ်ကောင်ကို တွေ့ရစဉ်။

ယခုနှစ် ဇန်နဝါရီလမှစ၍ အိန္ဒိယနိုင်ငံတစ်ဝန်းလုံး၌ ကျားသတ္တဝါ ၁၄ ကောင် သတ်ဖြတ်ခံခဲ့ရပြီး မဟာရာရှတြပြည်နယ် တစ်ခုတည်းမှာပင် ရှစ်ကောင် သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံ သားရိုင်းတိရစ္ဆာန်ကာကွယ်ရေးအဖွဲ့က ပြောကြားသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း အိန္ဒိယနိုင်ငံ၌ ကျားကောင်ရေသည် သိသိသာသာကျဆင်းခဲ့ပြီး ၂၀၁၁ ခုနှစ် စာရင်းဇယားများအရ တောရိုင်းဒေသများ၌ ကျက်စားနေသည့် ကျားကောင်ရေမှာ ၁၇၀၆ ကောင်သာ ကျန်ရစ်ကြောင်းသိရသည်။

လွန်ခဲ့သည့်နှစ် ၁၀၀ ကျော်ခန့်က အိန္ဒိယနိုင်ငံ၌ ကျားကောင်ရေ ၁၀၀၀၀၀ မျှ ရှိခဲ့ကြောင်း ခန့်မှန်းရသည်။ အင်တာနက်။

ဗြိတိန်စာသင်ကျောင်းများ၌ လူမျိုးရေးခွဲခြားမှုဝါဒ ခေါင်းထောင်နေ

လန်ဒန် မေ ၂၆

ဗြိတိန်နိုင်ငံရှိ အခြေခံပညာနှင့် အလယ်တန်းအဆင့်ကျောင်းများ၌ ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ လူမျိုးရေးခွဲခြားမှုဖြစ်စဉ်ပေါင်း ၉၀၀၀၀ နီးပါးအထိရှိခဲ့ကြောင်း ဒေးလီးတယ်လီဂရပ်သတင်းစာက မေ ၂၄ ရက်တွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ အခြေခံပညာနှင့် အလယ်တန်းအဆင့်ကျောင်းများ၌ ဖြစ်ပေါ်ခဲ့သည့် လူမျိုးရေးခွဲခြားမှုဖြစ်စဉ်များ၌ အမည်တပ်ခေါ်ဝေါ်ခြင်း၊ နိုင်ထက်စီးနင်းပြုလုပ်ခြင်းနှင့် ကာယိန္ဒြေပျက်ပြားစေရန် လုပ်ဆောင်မှုများအပါအဝင် ဖြစ်ကြောင်း ဗြိတိန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဗြိတိန်အစိုးရ၏ မူဝါဒတစ်ရပ်အရ ကာယကံရှင်ကိုယ်တိုင်က ဖြစ်စေ၊ ဘေးလူတစ်စုံတစ်ဦးကဖြစ်စေ လူမျိုးရေးခွဲခြားမှုအဖြစ် ယူဆသတ်မှတ်သည့် မည်သည့်အခြေအနေမျိုးကိုမဆို ဗြိတိန်စာသင်ကျောင်းများက မှတ်တမ်းရယူထားရသည်။

သို့ရာတွင် ဗြိတိန်စာသင်ကျောင်းများ၌ ပေါ်ပေါက်နေသော လူမျိုးရေးခွဲခြားမှုဖြစ်စဉ်အများစုတွင် ပါဝင်ပတ်သက်သူများမှာ လူမျိုးရေးခွဲခြားသည့်ဝါဒအား နားမလည်သေးသူ အခြေခံပညာကျောင်းသားများက အများစုဖြစ်ကြောင်းသိရသည်။

လူမျိုးရေးခွဲခြားမှုဝါဒကို နေရာတိုင်းမှ အထူးသဖြင့် ကြိုတင်ပြဋ္ဌာန်းမှုနှင့် ကင်းလွတ်သည့် ပတ်ဝန်းကျင်တစ်ရပ်၌ ကလေးတိုင်းစာပေသင်ကြားခွင့်ရှိသော စာသင်ကျောင်းများမှ အမြစ်ပြတ်ဖယ်ရှားသင့်ကြောင်း ဗြိတိန်ပညာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လူမျိုးရေးခွဲခြားမှုဝါဒသည် ဗြိတိန်စာသင်ခန်းများအတွင်း အမှန်တကယ် ကြုံတွေ့ရင်ဆိုင်နေရသော ပြဿနာတစ်ရပ်ဖြစ်နေကြောင်း လူမျိုးရေးခွဲခြားမှုဝါဒတိုက်ဖျက်ရေးအဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့သည်။ အင်တာနက်။



ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေး ရဝမ်ဒါ၌ စတင်သုံးစွဲမည်

ကီဂါလီ မေ ၂၆

ရဝမ်ဒါနိုင်ငံ၌ နိုင်ငံသားကလေးသူငယ်များအား ဝမ်းရောဂါဗိုင်းရပ်စ် (ရိုတာဗိုင်းရပ်စ် - Rotavirus) ကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်ကြောင်း မေ ၂၆ ရက်သတင်းများတွင် ဖော်ပြထားသည်။

ရိုတာဗိုင်းရပ်စ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌အဖြစ်များသော ဝမ်းရောဂါနှင့် ဆက်နွယ်သည့်သေဆုံးမှုအများစု၏ အဓိကလက်သည်ရောဂါပိုး ဖြစ်သည်။

ရဝမ်ဒါနိုင်ငံ၌ ကလေးသူငယ် ၃၀၀၀ ကျော်သည် ဝမ်းရောဂါကြောင့် နေ့စဉ်နေ့တိုင်း သေဆုံးကြရပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ကလေးသူငယ် ၁၂၀၀ ကျော်မှာ ရိုတာဗိုင်းရပ်စ်ကူးစက်မှုကို နေ့စဉ်ခံစားနေရကြောင်း သိရသည်။

အာဖရိကတိုက်၌ ဝမ်းရောဂါကြောင့် ဆေးရုံသို့ ပို့ဆောင်ကုသပေးနေရသော ကလေးအရေအတွက်၏ ၄၀ ရာခိုင်နှုန်းတွင် ရိုတာဗိုင်းရပ်စ်ပိုးကို တွေ့ရှိနေရကြောင်း၊ သို့ဖြစ်ရာ ယင်းဗိုင်းရပ်စ်ပိုးသည် အာဖရိကတိုက်၌ဖြစ်ပေါ်နေဆဲ ကလေးသူငယ်သေဆုံးမှု အတော်များများအတွက် အဓိကတရားခံဖြစ်နေကြောင်း လေ့လာသူများက ပြောကြားခဲ့သည်။

ရောဂါဘယ ကာကွယ်ရေး စီမံချက်အရ ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေး စတင်အသုံးပြုသော ဖွံ့ဖြိုးဆဲနိုင်ငံများ စာရင်းတွင် ရဝမ်ဒါနိုင်ငံသည် နောက်ဆုံးပိတ်နိုင်ငံဖြစ်သည်။

အင်တာနက်။

ကမ္ဘာ့စွမ်းအင်အမြင့်ဆုံး ရေဒီယိုတယ်လီစကုပ်ကို ဩစတြေးလျနှင့် တောင်အာဖရိကနိုင်ငံများ၌ ခွဲဝေဖြန့်ကြက်မည်

အမ်စတာဒမ် မေ ၂၆

ကမ္ဘာ့အကြီးဆုံးနှင့် စွမ်းအင်အမြင့်ဆုံး ရေဒီယိုတယ်လီစကုပ်ကို တောင်အာဖရိကနှင့် ဩစတြေးလျနိုင်ငံများ၌ ဖြန့်ကြက်ထားရှိသွားမည်ဖြစ်ကြောင်း မေ ၂၅ ရက်သတင်းများတွင် ဖော်ပြသည်။

Square Kilometre Array (အက်စ်ကေအေ)အမည်ရှိ ရေဒီယိုတယ်လီစကုပ် စီမံကိန်းအဖွဲ့ဝင်နိုင်ငံများက အထက်ပါဆုံးဖြတ်ချက်အား နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့၌ မေ ၂၅ ရက်တွင် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေါင်စတာလင် ၁ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ အက်စ်ကေအေရေဒီယိုတယ်လီစကုပ်သည် စကြဝဠာကြီး ၏အကြီးမားဆုံး လျှို့ဝှက်ချက်များနှင့် အခြားသောဂြိုဟ်ကမ္ဘာများ၌ သက်ရှိများရှိ၊ မရှိကို ရှာဖွေဖော်ထုတ်ပေးသွားမည် ဖြစ်သည်။

မှန်ဘီလူးမှတစ်ဆင့် အလင်းရောင်ကို ရယူစူးစမ်းရသော အခြားစက္ကူအာရုံသုံး တယ်လီစကုပ်များနှင့် မတူကွဲပြားစွာ အက်စ်ကေအေရေဒီယိုတယ်လီစကုပ်သည် အာကာသဟင်းလင်းပြင်မှ ကမ္ဘာပေါ်သို့ ရိုက်ခတ်လာသည့် ရေဒီယိုလှိုင်းများကို ဖမ်းယူပေးနိုင်မည်ဖြစ်သည်။

ရေဒီယိုလှိုင်းများသည် အာကာသဟင်းလင်းပြင်အတွင်းစုဝေးနေသော ဖုန်မှုန့်တိမ်တိုက်များအား ဖြတ်သန်းနိုင်စွမ်းရှိရာ ရေဒီယိုတယ်လီစကုပ်ကို အသုံးပြုခြင်းဖြင့် သက်တမ်းအရင့်ဆုံး စကြဝဠာနယ်ပယ်များအား စူးစမ်းနိုင်မည်ဖြစ်သည်။

အက်စ်ကေအေ ရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာပေါ်တွင် လက်ရှိအသုံးပြုနေသော ရေဒီယိုတယ်လီ စကုပ်များထက် အဆ ၁၀၀၀၀ စွမ်းအားပိုမိုမြင့်မားပြီး နက်ပကျွန်းဂြိုဟ်ပေါ်မှ မိုဘိုင်းဖုန်းခေါ်သံကိုပင် ဖမ်းယူနိုင်စွမ်းရှိကြောင်း သိရသည်။

အင်တာနက်။



ကလေးကို ကားဖြင့်တိုက်၍ တာဝန်မဲ့ရှောင်ထွက်ခဲ့သူ တရုတ်ယာဉ်မောင်းအား တရားစွဲဆိုမှုစတင်

ပေကျင်း မေ ၂၆

တရုတ်နိုင်ငံတောင်ပိုင်း ဖိုရှန်မြို့ရှိ လူသူစည်ကားသော လမ်းမတစ်ခုပေါ်၌ ကလေးတစ်ဦးအား မော်တော်ယာဉ်ဖြင့် ဝင်တိုက်ပြီးနောက် တာဝန်မဲ့ရှောင်ထွက်သွားခဲ့သူ ယာဉ်မောင်းအမျိုးသားကို တရားစွဲဆိုမှု စတင်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက မေ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ဆင်ဟွာသတင်းဌာန၏ အဆိုအရ ဟူကျန်အမည်ရှိ ယာဉ်မောင်းအမျိုးသားကို အသက်နှစ်နှစ် အရွယ်ကလေးတစ်ဦးအား သေဆုံးစေမှုဖြင့် သက်ဆိုင်ရာက စွဲချက်တင်ထားကြောင်း သိရသည်။ ဟူကျန်သည် ၎င်းမောင်းနှင်လာသည့် ဗင်ကားဖြင့် ဝမ်ယူအမည်ရှိ ကလေးအား ဝင်တိုက်ခဲ့သော်လည်း ဆက်လက်မောင်းနှင်ခဲ့ရာ အတိုက်ခံ ခဲ့ရသူကလေးမှာ နောက်ယာဘက်ဘီးဖြင့် ထပ်မံ၍ အကြိတ်ခံခဲ့ရသည်။ အခင်းဖြစ်ပွားပြီး ခုနစ်မိနစ်မျှအကြာတွင် လမ်းသွားလမ်းလာ ၁၈ ဦးခန့် ကားတိုက်ခံခဲ့ရသည့် ကလေးငယ်အနီးမှ ဖြတ်သန်းသွားလာခဲ့ကြသော်လည်း ကူညီခဲ့ခြင်းမရှိကြောင်း သိရသည်။ ကားတိုက်ခံရသူကလေးငယ်သည် ရက်သတ္တတစ်ပတ်အကြာတွင် သေဆုံးခဲ့သော်လည်း ယင်းဖြစ်စဉ်ကြောင့် နိုင်ငံသားများအကြား လူကျင့်ဝတ်စံနှုန်းများ ကျဆင်းလာသည့်အရေးနှင့် ပတ်သက်၍ ဝေဖန်ထောက်ပြမှုများ ပေါ်ထွက်လာခဲ့သည်။ **အင်တာနက်။**

သူငယ်ချင်းကောင်းယောက်မတို့ရေ

ခင်မေခ

သူငယ်ချင်းကောင်းယောက်မတို့ရေ။

သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ၊ စာပလွေခင်း၊ ပဌင်းတော်ခံ၊ စာရေးတံနှင့်၊ မြစ်ယံပွဲကြီး၊ ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊ မြင်းခင်းထွက်ဝင်၊ သဘင်မီးဖုန်း၊ ဂူလိုးသဲပုံ၊ စေ့စေ့စုံလျှဉ်၊ ဤသို့ယှဉ်ထား၊ လစဉ်အမြဲ၊ ဆယ့်နှစ်ပွဲတဲ့။ အဲဒီကဗျာလေးကို မှတ်မိကြတယ်မဟုတ်လား။ ဒို့တွေငယ်ငယ်တုန်းက ရွတ်ဆိုကြရတဲ့ ကဗျာလေးလေ။

ဒို့တွေနိုင်ငံမှာ မြန်မာလူမျိုးတို့ရဲ့ ရာသီစဉ်အလိုက်ပွဲတွေကလည်း တစ်လတစ်မျိုး အမျိုးမျိုးရှိကြတယ်နော်။ ဘာသာရေးကို အခြေပြုပြီး လုပ်တဲ့ပွဲရှိသလို ယဉ်ကျေးမှုကို အခြေတည်ပြီး လုပ်တဲ့ပွဲလည်း ရှိတာပဲ။ မြန်မာလူမျိုးတိုင်းကလည်း ဘယ်ပွဲမဆို သူ့အချိန်အခါအလိုက် ပျော်ပျော်ကြီးဆင်နွှဲတတ်ကြတာပဲ။

အဲဒီပွဲတွေထဲမှာ လူကြီးလူငယ်မရွေး အပျော်ဆုံးပွဲတော်ကတော့ မဟာသင်္ကြန်ပွဲတော် ရေသဘင်ပွဲတော်ပါပဲ။ နှစ်ဟောင်းကအညစ်အကြေးတွေကို နှစ်သစ်ကို မသယ်ဆောင်ဘဲ ရေစင်ရေအေးအေးလေးတွေကို သပြေခက်နှင့် ပက်ဖျန်းကြတယ်။ ငွေဖလားနဲ့သွန်းလောင်းဆေးကြောကြတယ်။ မောင်နှင့်နှမ၊ သားနှင့်အမိ တင့်တင့်တယ်တယ် ရေပက်ကစားကြတာ။ ဟိုးအရင်က။ ဟုတ်တယ်နော်. . . ယောက်မရေ။

ခုတော့ရေပိုက် သေးသေး ကြီးကြီး၊ မီးသတ်ပိုက်၊ ရေဖိအားတွန်းကန်အားပါတဲ့ပိုက်တွေနဲ့ ပက်ကြ၊ တချို့ကလည်း အကျီစားသန်သန်နဲ့ ခေါင်းလျှော်ရည်၊ ရှုန်ပူတွေနဲ့ ခေါင်းကိုပက်ကြ။ စိတ်သန်ရာ စိတ်ကူးတည့်ရာ ပေါက်တီးပေါက်ရှာ ပျော်ကြတာလည်းရှိတယ်။ ဒို့အမေများခေတ်ကလို၊ ဒို့တွေငယ်ငယ်တုန်းကလို အကျီ လုံချည်ဆင်တူဝတ်လို့၊ ဆံထုံးဆင်တူထုံးလို့ ငွေဖလားနဲ့ ရေကစားတာတွေ မရှိတော့ဘူး။ ဒါကလည်း ခေတ်ရေစီးကြောင်းလို့ ပြောရင်ရတာပေ့ါ။ အတာရေသဘင်ဆင်နွှဲတဲ့ အာရှအတွင်းကနိုင်ငံများမှာ မြန်မာနိုင်ငံက အစည်ကားဆုံး၊ အထူးခြားဆုံး၊ အပျော်ဆုံးဆင်နွှဲနိုင်တယ်လို့ပြောရမယ်။

ပိုက်ဆံတတ်နိုင်တဲ့သူတွေက မဏ္ဍပ်ကြီးတွေ၊ ရေပက်တဲ့စင်အကြီးကြီးတွေနဲ့ ရေကစားမဏ္ဍပ်လုပ်ပြီးပျော်နိုင်သလို ဆင်ခြေဖုံးမြို့နယ်တွေက အုန်းလက်မဏ္ဍပ်လေးတွေကလည်း သူ့ဟာနဲ့သူ တိုးတိုးကြိတ်ကြိတ် အလွန်စည်ကြတာကလား။ စက်ဘီး၊ ဆိုက်ကားနဲ့ ရေပက်ခံထွက်သူတွေ အချင်းချင်းနောက်ကြ၊ ပြောင်ကြ၊ စကြတာကလည်း စိတ်မဆိုးတတ်ရင် ပျော်စရာတစ်မျိုးပေ့ါ။

ယောက်မတို့ရေ. . . အခုကလည်း ကမ္ဘာ့ရွာကြီး၊ အင်တာနက်ခေတ်ကြီးလို့ တသွင်သွင်၊ တဖွဖွ ပါးစပ်ဖျားကမချ ပြောနေကြတာမဟုတ်လား။ ဟုတ်ပ့ါ ယောက်မရေ။ အခြားနိုင်ငံက ဒီနေ့ရေကြီးသလား၊ မုန်တိုင်းတိုက်သလား၊ ဂြိုဟ်တု လွှတ်တင်သလား၊ ဘောလုံးကန်သလား၊ တောမီးလောင်သလား ဘယ်သတင်းမဆို နေ့ချင်းပြီးကြည့်နိုင်သိနိုင်ကြတဲ့ ခေတ်မဟုတ်လား။ သိပ္ပံပညာရဲ့ထူးခြားဆန်းကြယ်မှုကတော့ အံ့ချက်ပဲတော်ရေလို့ ပြောရမလိုပဲ။ ဒါပေမယ့် ယောက်မရေ့။ ဘယ်နေရာမဆို အဆိုးနှင့်အကောင်းဆိုတာလည်း ဒွန်တွဲနေတာပဲ မဟုတ်လား။ ဘာတဲ့ Side Effect လို့ဆိုတဲ့ ဘေးထွက်ဆိုးကျိုး. . . ဒါတွေလည်းတွေ့နေရပြီ။

သူငယ်ချင်းတို့ရေ. . . ဒို့တူလေးက အင်တာနက်သရဲလေးကွ။ အန်တီရေ ခုအင်တာနက်ထဲမှာ မြန်မာသင်္ကြန်ဆိုတဲ့ Facebook ကို ဖွင့်လိုက်တာနှင့် အန်တီ လန့်သွားမယ်နော်။ ဘာဖြစ်လို့လဲသားရဲ့. . . ပြောစမ်းပါဦးလို့ ဒို့ကပြောလိုက်တော့။ ဟာဗျာ အန်တီရာ. . . မိန်းကလေးတွေ မြန်မာမိန်းကလေးတွေမှ ဟုတ်ရဲ့လား။ သားတော့မသိတော့ဘူး။ သားတို့ ယောကျ်ားလေးတွေတောင် မျက်စိ ရှက်တယ်တဲ့။

ယောက်မတို့ရေ. . . ဒို့တူလေးပြလို့ကြည့်လိုက်တော့ ဘုရား. . . ဘုရား ဟုတ်ပါရဲ့၊ ဒီမိန်းကလေးတွေ ပုံမှန်စိတ်နဲ့ ဝတ်စားထားကြတာမှ ဟုတ်ပါရဲ့လား။ ရင်နှစ်မြွှာ နေရာမှာ အပေါက်ဖောက်ပြီး ဝတ်တဲ့မိန်းကလေးတွေ့သလို၊ ရေကူးဝတ်စုံ ဘီကီနီပုံစံမျိုးဝတ်ထားတဲ့ မိန်းကလေးတွေကလည်း တစ်ပုံတစ်ပင်၊ ပေါင်ရင်းလောက်ရောက်နေတဲ့ ဘောင်းဘီတိုနဲ့ ချက်နဲ့ ဗိုက်သားအားလုံးဖော်ထားတဲ့ မိန်းကလေးတွေ၊ ဒီမြန်မာသင်္ကြန်ဆိုတဲ့စာသားကို ဖျက်လို့ရရင် ဖျက်လိုက်ချင်ပါရဲ့၊ ယိုသူမရှက် မြင်သူရှက်ဆိုတဲ့ မြန်မာစကားပုံက အလကားထားတာမဟုတ်ဘူး။

နောက်ပြီးတော့ ဆက်ကြားရသေးတယ်။ တစ်ချို့ရေကစားမဏ္ဍပ်တွေဆိုရင် ကာရာအိုကေဆိုင်က ကောင်မလေးတွေကို တစ်နေ့နှစ်သောင်းနဲ့ ခေါ်ပြီး မပေ့ါတပေါ် ဝတ်ခိုင်းပြီး တိုင်ပွတ်တဲ့အက ကခိုင်းတယ်ဆိုပါလား။ ဘုရား. . . ဘုရား. . . နိုင်ငံခြားကားတွေထဲက အတိုင်းပေ့ါ။ ရုပ်ရှင်ကဆင်ဆာဖြတ်လို့ရတယ်. . . ဒါတွေက ဆင်ဆာမဖြတ်ဘူး။ ရေပက်မဏ္ဍပ်တွေမှာ ကြိုက်သလောက်ကြည့်လို့ရတယ်တဲ့။ ကိုင်း . . . ကောင်းကြသေးရဲ့လား အရပ်ကတို့ရေ. . .။

စောစောကပြောခဲ့တဲ့ ဘေးထွက်ဆိုးကျိုးဆိုတာ ဒါပဲလေ၊ သူများနိုင်ငံသူတွေ ဝတ်တာစားတာ TV မှာ မြင်ရပြီး လိုက်အတုခိုးပြီးတော့ ကိုယ့်နိုင်ငံက သူများနိုင်ငံထက် ကိုးဆယ်ဆသာပြလိုက်တာပဲ။ အခု စလောင်းမှာကြည့်ရင်လည်း နိုင်ငံခြားသားတွေက လုံလုံခြုံခြုံဝတ်နေကြပြီး မြန်မာမကလေးများကတော့ မီးကုန်ယမ်းကုန် ဖော်နေ၊ ချွတ်နေကြတာပေ့ါ။

ယောက်မတို့ရေ. . . ကိုယ့်အိမ်ကနေ အိမ်ပြင်ကို ထွက်ကြမယ့် ကိုယ့်သားသမီးတွေရဲ့ ဝတ်ဆင်မှုကို ကြည့်ပြီးမှ လွှတ်လိုက်ကြတာလား။ အရှက်မလုံတဲ့အပြင် အရှက်ကုန်စေမည့် ဝတ်ဆင်မှုတွေကို တားမြစ်ပိတ်ပင်ဖို့၊ ခွင့်မပြုဖို့လိုနေပါပြီ။ သူတို့ခေတ် သူတို့အခါပဲလို့တွေးရင်း ခွင့်လွှတ်မနေသင့်တော့ပါဘူး။ တစ်ဆင့်ထက်တစ်ဆင့် ရင့်သထက်ရင့်လာကြပါပြီ။

အတွင်းခံဘော်လီကဲ့သို့ တစ်ထပ်တည်းဝတ်ဆင်မှု၊ ပေါင်တိုဝတ်ဆင်မှု၊ ပေါင်ရင်းအထိရောက်အောင် ခွဲထားတဲ့စကတ်၊ အတွင်းသားမလုံ(တစ်ဝက်တိတိ) ဖော်ပြတဲ့လည်ဟိုက်အကျီ၊ တစ်ထွာသာသာရှိတဲ့ ဘောင်းဘီတိုတွေကို ဝယ်မပေးသင့်၊ အားမပေးသင့်တော့ပါဘူး။ ဒါ့ထက်ဆိုရွားတာက ရင်နှစ်မြွှာကို ကွက်ကွက်ကွင်းကွင်း ဖော်ပြတာပါပဲ။

အတာရေပက်ဖျန်းတဲ့ မြန်မာ့ရိုးရာသင်္ကြန်မှာ ရေကစားကြရင်ဖြင့် ထူထူထဲထဲ လုံလုံလဲလဲနဲ့ ဝတ်ဆင်မှ အဆင်ပြေမှာကို။ အခုတော့ ရှိသမျှဖော် ခွဲကတဲ့အခါမှာလည်း မမြင်ဝံ့ပရိသတ်ဖြစ်နေရတာပေ့ါ။ စကတ်တိုနှင့် ခြေမြှောက်ပြီး ကလိုက်တဲ့အခါ အတွင်းခံဘောင်းဘီအရောင်ရဲ့ ထင်ထင်ရှားရှားသင်္ကေတတွေကို တွေ့ရတဲ့အထိပါပဲ. . .

သူငယ်ချင်းကောင်းယောက်မတို့ရေ။

ရာပေါင်းများစွာသော ပုရိသတွေရဲ့ မျက်လုံးကတောင် အရှုံးပေးရတယ်ဆိုပါလား။ နင်ကပဲကြည့်နိုင်မလား၊ ငါကပဲပြနိုင်မလား။ ပြိုင်နေတယ်တောင် ထင်လောက်ပါရဲ့။ Celebrity ဆိုတဲ့ အနုပညာသည်တွေကလည်း အညှိအဟောက်နဲ့ အဖော်အချွတ်တွေပါမှ နာမည်ကြီး ဟန်ကျမယ်လို့ ထင်နေသလားမသိပါဘူး။ မင်းသမီးတစ်ယောက်ရဲ့ အဖော်အချွတ်တွေဟာ ခွေတောင်ထွက်လို့ လမ်းဘေးမှာ ရောင်းမလောက်ဘူးဆိုပါလား။ ဗေဒါဆိုရင်တော့ ရွှေမိတို့ပါပဲ။

ဇာဘော်လီ၊ အကျီပါးခေတ်တုန်းက ကိုကိုမကြည့်ဝံ့၊ မောင်မောင်မကြည့်ဝံ့ တာတွေထက် မိုင်ပေါင်းများစွာ ကျော်လွန်ကုန်ကြပါပြီ။ ဒါလား **"မြန်မာမ"** လို့ ဘုရားစူးကျိန်ပြောရင်တောင် မယုံတော့ပါဘူး၊ မြန်မာအမျိုးသမီးတစ်ယောက်ရဲ့ ဝတ်စားဆင်ယင်မှုဆိုတာ ပြတိုက်မှာ သွားကြည့်ရမလိုဖြစ်နေပါပြီ။ ရေကစားတဲ့စင်တွေမှာလည်း ဘီယာများ၊ ယမကာများ ပေါ်ပေါ်ထင်ထင် ဖောဖောသီသီ သောက်သုံးပြီး နိုင်ငံခြားကားထဲက ကလပ်များလို တိုင်ပွတ်ကတဲ့အကတွေကို မြန်မာမိန်းကလေးတွေကနေကြတာ မျက်မြင်ကိုယ်တွေ့ပါပဲ။ မီဒီယာတွေ၊ ဂျာနယ်တွေကလည်း ရှုတ်ချကုန်ကြပါပြီ. . .

ယခုလို လူမြင်မတင့်တယ်တဲ့၊ ဝတ်စားထားကြတဲ့ မြန်မာအမျိုးသမီးငယ် အချို့ကြောင့် မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဟာ အကျည်းတန်ညှိုးနွမ်းကုန်ပါပြီ။ ဟီရိဩတ္တပ္ပတရား၊ အရှက်၊ အကြောက်၊ ယဉ်ကျေးမှု၊ သိမ်မွေ့မှု၊ ဣန္ဒြေရှိမှု၊ ဂုဏ်သရေတွေ ဘယ်ရောက်ကုန်ပြီလဲ။ လမ်းလယ်ကောင် စင်မြင့်ထက်မှာ သူရာမေရိယကံ ကျူးလွန်နေတဲ့၊ အမျိုးသမီးများ ယိုသူမရှက် မြင်သူရှက်. . . လျှပ်ပေါ်လော်လည်တဲ့ ဝတ်စားဆင်ယင်မှုများ. . . အမေတို့ရေ. . . အစ်မတို့ရေ. . . ညီမတို့ရေ ကြည့်နေကြတော့မှာလား။ အမိကအုပ်ရင် အမိကဆုံးမပါ၊ အဖကအုပ်ရင် အဖက ဆုံးမပါ။ ခင်ပွန်းသည်ရှိရင် ခင်ပွန်းသည်က ဆုံးမပါဦး. . . မောင်ဖားများရှိလည်း အစ်ကိုတွေ မောင်တွေ တားမြစ်ပေးပါ. . . ထွေးတော် မိကြီး အစ်မ ညီမများကလည်း ကြည့်မနေကြပါနဲ့. . .

တိုးတိုးတိတ်တိတ် ကြိတ်ဆုံးမလို့မရရင်၊ ကိုင်း ယောက်မတို့ရေ အကြောက်နဲ့ မအုပ်ချုပ်သင့်ဘူးလား။ မြန်မာမိန်းကလေးတစ်ယောက်ရဲ့ ဣန္ဒြေကို ကိုယ်တိုင်ဖျက်ဆီးတာ. . . မြန်မာလူမျိုးကို ကိုယ်စားပြု စော်ကားရာ ရောက်တာပေ့ါ။

မြန်မာ့ယဉ်ကျေးမှုကို ထိပါးနှောင့်ယှက်မှု၊ မြန်မာ့ယဉ်ကျေးမှု၏ ကာယိန္ဒြေဖျက်ဆီးမှု၊ အသရေဖျက်ဆီးမှု၊ မြန်မာတို့၏ ဂုဏ်သိက္ခာကို ကျဆင်းစေမှု ပုဒ်မတွေ တစ်သီကြီးတပ်လိုက်ချင်တယ်။ အမိအဖများရဲ့ ဆိုဆုံးမမှုကို မခံလျှင် ဥပဒေရဲ့ဆိုဆုံးမမှုနဲ့ လုပ်သင့်တယ်လို့ထင်တယ် ယောက်မတို့ရေ. . .

ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးအပုပ်မခံနိုင်ပါဘူး၊ ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မ အရေးယူသင့်ပါပြီ။ ဒီတော့. . .

အမြင်မတော်တာတွေ ရပ်သင့်ပါပြီ. . .
ဇာဘော်လီ အဖောက်၊ အပြဲ အကျီနဲ့
အပေါက်အကွဲ အတိုအရှုံ့ ဘောင်းဘီ၊ စကတ်တိုနှံ့နှံ့ဝတ်ဆင်ကြတဲ့
ရင်ညိုညို၊ ပေါင်ညိုညို မေမြန်မာ မဒီခင်. . . များ
လာမယ့် သင်္ကြန်ကျရင်တော့
အဟုတ်ဖျက် သရုပ်ပျက် ဝတ်ဆင်ကြဦးမယ်ဆိုရင်ဖြင့်
One Stop Service ကတုံးတုံးပြီး
Force to ရိပ်သာသို့ မြန်းကြရအောင်. . .
ယောက်မတို့ရေ. . ကိုင်း. . . အရေးဆိုကြစို့လား. . ။ ။

လှိုင်သင်း၏ လူ့အတွေးအခေါ်သမိုင်း စာအုပ်ထွက်ရှိ

စာရေးသူ လှိုင်သင်း၏ လူ့အတွေးအခေါ်သမိုင်း စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယင်းစာအုပ်တွင် အခန်း(၁) ပလေတို၊ အခန်း(၂) အဲရီစတော့တယ်လ်နှင့် ဂရိသိပ္ပံပညာ၊ အခန်း(၃) ဖရန်စစ်ဘေးကင်၊ အခန်း(၄) စပီနိုးဇာ၊ အခန်း(၅) ဗော်လ်တဲယားနှင့် ပြင်သစ်ပြည်၏ ဉာဏ်အလင်းရောင်ခေတ် ဟူ၍ အခန်းငါးခန်းပါရှိပါသည်။ စာရေးသူက မူရင်းစာအုပ်မှာ အခန်း(၁၁) ခန်း ပါရှိကြောင်း ၊ အခန်း(၆)ခန်းမှ စ၍ ကျန်သည်များကို အတွဲ(၂) အဖြစ် ထုတ်ဝေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

မူရင်းစာအုပ်မှာ The Story of Philosophy By Will Durant ဖြစ်ကြောင်း သိရသည်။ စာရေးသူလှိုင်သင်း၏ (၁၄)အုပ်မြောက် စာအုပ်ဖြစ်ကြောင်း၊ ယင်းစာအုပ်ကို ပါရမီစာပေ အမှတ်(၁၃၀) (၂၉)လမ်း ရန်ကုန်မြို့မှ ဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၆၀၀၀ ဖြစ်ကြောင်း သိရသည်။

မှူးဇော်၏ တောင်ကိုရီးယားနိုင်ငံ ဘာကြောင့်အောင်မြင်ခဲ့သလဲ စာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးသူမှူးဇော်၏ တောင်ကိုရီးယားနိုင်ငံ ဘာကြောင့် တိုးတက်အောင်မြင်ခဲ့သလဲ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

မူရင်းစာအုပ်မှာ Policymaking on the front Lines Memoirs of a Korean Practitioner, (1945-79) by Chung- yum Kim ဖြစ်သည်။ အဆိုပါစာအုပ်တွင် ဗဟိုဘဏ်စီမံခန့်ခွဲသူတစ်ယောက်အနေဖြင့် အောင်မြင်မှုရလဒ်ကောင်းများ ရရှိခဲ့သောနှစ်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၌ ဘဏ္ဍာရေးညွှန်ကြားရေးမှူးချုပ်အဖြစ် ထမ်းဆောင်ရခြင်း၊ ကိုရီးယားဗဟိုထောက်လှမ်းရေးအေဂျင်စီ၌ လုပ်ကိုင်ခဲ့ရသည့် စိတ်ပျက်ဖွယ်ရာကောင်းသောနှစ်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ဒုတိယဝန်ကြီးအဖြစ် ပြန်လည်ရောက်ရှိခဲ့ခြင်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသို့ ဒုတိယဝန်ကြီးအဖြစ်ထမ်းဆောင်ခြင်း၊ ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခံရခြင်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသို့ တစ်ကျော့ပြန်၊ သမ္မတ ပတ်ချုံဟီး၏ Chief of Staff အဖြစ် မျှော်လင့်မထားသော ခန့်အပ်တာဝန်ပေးအပ်မှုစသည်ဖြင့် အခန်း ၁၂ ခန်းပါရှိသည်။ အဆိုပါစာအုပ်ကို ပြည့်စုံစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

တိုင်းရင်းဆေးပညာအခြေခံဓာတ်ပစ္စည်းများနှင့် သွေးစမ်းကျမ်း

ဒေါက်တာဆရာမြင့်(စကြာမင်း)၏ တိုင်းရင်းဆေးပညာအခြေခံဓာတ်ပစ္စည်းများနှင့် သွေးစမ်းကျမ်း စာအုပ်ကို မြင့်မြတ်မြန်မာစာပေက ဒုတိယအကြိမ် ထုတ်ဝေ၍ ရန်အောင်စာပေက တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

ဤစာအုပ်တွင် ဒေသနာနယ ဆေးပညာနှင့် အာယုဗ္ဗေဒဆေးပညာတို့၏အခြေခံဓာတ်ပစ္စည်းများကို ယှဉ်တွဲဖော်ပြထားခြင်းကြောင့် ဆေးပညာနှစ်ရပ်ကို တစ်ပြိုင်တည်း လေ့လာနိုင်ခြင်း၊ တိုင်းရင်းဆေးပညာရှုထောင့်မှ ခန္ဓာကိုယ်အားဖွဲ့စည်းထားသော ဓာတ်ပစ္စည်းအုပ်စု ခုနစ်စုကို လွယ်ကူစွာသိရှိအောင် ရှင်းလင်းဖော်ပြထားခြင်းကြောင့် ပညာသင်စ ဆရာများ၊ ပညာရှင်များ၊ သုတေသီများအတွက် ခန္ဓာဗေဒဉာဏ်ရင့်သန်စေခြင်း၊ တေဇောဓာတ်ငါးမျိုး ဖြစ်ပေါ်လာပုံများနှင့် တေဇောဓာတ်များ အဆင့်ဆင့်ပြောင်းလဲဖောက်ပြန်ပုံများ၊ ဆေးပညာအခြေခံမရှိသောသူများသည်ပင် တိုင်းရင်းဆေးပညာရပ်ကြီး၏ အရေးကြီးသောဓာတ်ပစ္စည်းတို့၏ ပင်ကိုသဘောသဘာဝ လက္ခဏာများ ၊ ဖောက်ပြန်သော ဝိကတိလက္ခဏာများကို ဆရာတစ်ဦး အနားမှသင်ပြပေးနေသကဲ့သို့ ဖြစ်သည့်အပြင် တိုင်းရင်းဆေးပညာ၏ရောဂါရှာဖွေရေးအပိုင်းတွင် အစ၊ အလယ်၊ အဆုံး သုံးပါးစလုံး ပေးစွမ်းနိုင်သော ကျမ်းစာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ရန်အောင်စာပေ ဖုန်း-၀၉-၇၃၂၄၃၈၅၁၊ ၀၉-၅၁၇၉၃၉၈ မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သိရသည်။

အင်းစိန်မြို့နယ် စာရေးဆရာအသင်း ဆိုင်းဘုတ်တင်

ရန်ကုန် မေ ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် မြန်မာနိုင်ငံစာရေးဆရာအသင်း (အင်းစိန်မြို့နယ်)၏ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်စုပေါင်းရုံးဝင်းအတွင်းရှိ စာရေးဆရာအသင်းရုံးဘေး၌ ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်၊ မြို့နယ်စာရေးဆရာအသင်းနာယက ဒါရိုက်တာမောင်ယဉ်ကျော်၊ ဥက္ကဋ္ဌ ဒါရိုက်တာဘုန်းဝေနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အသင်းဝင်စာရေးဆရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်စာရေးဆရာများ တက်ရောက်ခဲ့ကြသည်။ မြို့နယ်စာရေး ဆရာအသင်းဆိုင်းဘုတ်အား ပြန်/ဆက်ဦးစီးမှူး၊ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့က ဖွင့်လှစ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြပြီး စာရေးဆရာများအသင်း ဆိုင်းဘုတ်အောက်တွင် စုပေါင်း၍ အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။**(အပေါ်ပုံ)** (၆၈၄)



ခရမ်းမြို့နယ် ထွေ/အုပ်ဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်

ရန်ကုန် မေ ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး ပြဟ္မစိုရ်ခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်မြင့်က အမှာစကားပြောကြားပြီး တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူ ၅၈ ဦးအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၆၁၉၁၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

(သတင်းစဉ်)

အာဆီယံအမွေအနှစ်ဥယျာဉ် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့နိုင်ရေးနှင့် ဂေဟစနစ်တည်ငြိမ်ရေးအတွက် ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်တည်ထောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

သတင်းမှတ်စု - နေမျိုးသူရိန် (ညောင်ရွှေ)
ဓာတ်ပုံမှတ်တမ်း - အင်းလေးကန်ဘေးမဲ့တော

မြန်မာနိုင်ငံရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ အရေးကြီးသော ရေတိမ်ဒေသကြီးများအနက် အင်းလေးကန်ဘေးမဲ့တောသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

တန်ခိုးကြီး ဖောင်တော်ဦးဘုရားတည်ရှိခြင်း၊ ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုများ ထွန်းကားခြင်း၊ ကန်၏ ဘူမိရုပ်သွင် ထူးခြားမှုရှိခြင်း၊ သက်ရှိသက်မဲ့ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ခြင်းတို့ကြောင့် ပြည်တွင်းပြည်ပ ဧည့်သည်များနှင့် သုတေသနပညာရှင်များ အထူးစိတ်ဝင်စားရာ သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုလည်း ဖြစ်သည်။

အင်းလေးကန် ဘေးမဲ့တောတွင် ငှက်မျိုးစိတ်ပေါင်း ၂၇၀ ရှိရာ ရေပျော်ငှက် ၇၉ မျိုး၊ ကုန်းနေရေနေ တွားသွားသတ္တဝါ ၃၇ မျိုး၊ သစ် ၈၆ မျိုး၊ ဝါး ၁၁ မျိုး၊ ဒေသရင်းသစ်ခွမျိုးစိတ် ၁၇၈ မျိုး၊ လိပ်ပြာမျိုးစိတ် ၇၅ မျိုး၊ နို့တိုက်သတ္တဝါ ၁၀ မျိုးခန့်၊ အင်းလေးကန်ဘေးမဲ့တောအတွင်း၌သာ တွေ့ရှိနိုင်သော မျိုးစိတ်များ (Endemic Species) ဖြစ်သည့် ငါးဖိန်း (*cyprinus carpio intha*) အပါအဝင် ငါးမျိုးစိတ်ပေါင်း ၄၃ မျိုး၊ ကမ္ဘာ့ရှားပါးစာရင်းဝင်ငှက်ဖြစ်သည့် ကြိုးကြာ (ဒေသရင်း)၊ လင်းယုန်၊ စကီမာဘဲ၊ တင်ကျီး၊ ဘဲနီစပ်နှင့် မြစ်ထွေးငှက်များလည်း တွေ့ရှိမှတ်တမ်းတင်ထားရှိပါသည်။

ထို့ပြင် မိုင်ထောင်ချီခရီးမှ လည်ပတ်သွားလာနေသော ဆောင်းခိုငှက်များဖြစ်သည့် ကြိုးကြာ၊ စင်ရော်၊ စစ္စလီ၊ ဘဲဟသ်ာ၊ စနိုက်၊ လင်းယုန်နှင့် သိမ်းစွန်စသည့် ငှက်များသည်လည်း အင်းလေးကန်ဘေးမဲ့တောသို့ နှစ်စဉ် ဆောင်းခိုကြရန် ရောက်ရှိကြပြီး ဒေသတွင်းအမြဲနေထိုင်လျက်ရှိသည့် ဌာနေငှက်မျိုးအများအပြားနှင့် အတူနေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

အင်းလေးကန်ဘေးမဲ့တောအတွင်း ငှက်မျိုးစိတ် ၂၇၀ ကို လေ့လာတွေ့ရှိနိုင်သည်။

ရေချိုရေတိမ်ဒေသ ဂေဟစနစ်ဖြစ်သည့် အင်းလေးကန်ဘေးမဲ့တောသည် ကမ်းခြေကုန်းစပ်တွင်ရွံ့ညွန်တော၊ ကမ်းခြေရေတိမ်နှင့် ကျွန်းမျောရိုင်းများတွင် ကိုင်းမြက်တော၊ ကမ်းနီးရေပြင်တွင် ရေပေါက်ပင်၊ ရေမျှောပင်၊ ရေညှိပင်များ ပေါက်ရောက်ပြီး ကန်ရေပြင်အနှံ့တွင် ရေညှိရေမှော် မျိုးစိတ်များပေါက်ရောက်သည်။ ရေညှိ၊ ရေမှော်များနှင့် ဆေးဖက်ဝင် ပရဆေးပင် ၅၇၂ မျိုး၊ ရေမှော် ၁၂ မျိုးကိုလည်း မှတ်တမ်းတင်ထားရှိသည်။

အင်းလေးကန်ဘေးမဲ့တော ရေရှည်တည်တံ့ရေးနှင့် ကန်၏ ဂေဟစနစ်ထိန်းသိမ်းရေးတို့အတွက် အင်းလေးကန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးကို ညောင်ရွှေမြို့တွင် ဖွင့်လှစ်ထားရှိပြီး ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်တိုးပွားစေရေး ပညာပေးလုပ်ငန်းများ၊ သဘာဝအခြေခံ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများ၊ သုတေသနအထောက်အကူပြုလုပ်ငန်းများ၊ ဒေသတွင်း မြေအသုံးချမှုမှန်ကန်စေရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ နှီးနွယ်အဖွဲ့အစည်းများနှင့် ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ။



မိုးကြိုကာလ တောင်သူများအတွက် အပိုဝင်ငွေရရှိသော မန်ကျည်းရွက်ချဉ်စပ်လုပ်ငန်း

သတင်းဓာတ်ပုံ-လှိုင်သန်းတင့်(ရမည်းသင်း)

မန်ကျည်းရွက်ချဉ်စပ်လုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်ကြင်းကန်အုပ်စု အင်ကြင်းကန်ရွာမ၊ ကျောင်းအနောက်ဘက်ရွာ၊ လွှဲဦးရွာတို့၌ လုပ်ကိုင်ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

မန်ကျည်းရွက်နုချိန်တန်ခူးလမှစ၍ ကဆုန်လအတွင်း၌သာလုပ်ဆောင်နိုင်သော လုပ်ငန်းဖြစ်ပြီး မန်ကျည်းရွက်နုကို အပွင့်မဝင်ခင်သာ ခူး၍ရပြီး နောင်တွင် သီးလာမည့် အသီးအတွက်လည်း ချိန်ဆ၍ ခူးရသည်ဟု သိရသည်။

မန်ကျည်းရွက်ချဉ်စပ်ပြုလုပ်မည်ဆိုပါက အုတ်ကန်များအတွင်း မန်ကျည်းရွက်များကို တစ်ညသိပ်ပြီး ဆားနှင့်ရေအနည်းငယ်ကို သင့်သလို ထည့်ရသည်ဟု သိရသည်။ နွမ်းအိလာသောအခါ ဆားစိမ်မန်ကျည်းရွက်များကို စက်ဖြင့် ကြိတ်ကာ ပလတ်စတစ်အိတ် အကြည်တွင် နှစ်ထပ်ခန့် ထည့်သွင်းထုပ်ပိုး၍ လေလုံအောင် ထားရသည်။ သို့မှသာ အရောင်လှ၍ ညှိုမည်းခြင်းမှ ကင်းလွတ်နိုင်သည်ဟု သိရသည်။

မန်ကျည်းရွက်ချဉ်စပ်လုပ်ငန်းသည် ကုန်စိမ်းကို အခြေခံ၍ လုပ်ရသောလုပ်ငန်းဖြစ်၍ ဈေးကွက်အနေအထားအရ အချိန်အခါအလိုက် တွက်ဆလုပ်ကိုင်ရသော လုပ်ငန်းဖြစ်သည်။

မန်ကျည်းရွက်ချဉ်စပ်လုပ်ငန်းကို အင်ကြင်းကန်အုပ်စုတွင် ခြောက်ဦး၊ ခုနစ်ဦးခန့် လုပ်ကိုင်ကြပြီး ကုန်ကြမ်းဖြစ်သော မန်ကျည်းရွက်နုမှ ဆားစိမ်ပြီး အရွက်လိုက်သော် လည်းကောင်း၊ ကြိတ်၍သော်လည်းကောင်း ရန်ကုန်မြို့၊ မန္တလေးမြို့၊ မိတ္ထီလာမြို့နှင့် မလှိုင်မြို့များသို့ တင်ပို့ကြသည်ဟု သိရပြီး လက်ဖက်နှင့် အကြော်စုံတို့တွင် တွဲဖက်စားသုံးသည်ဟု သိရသည်။

မန်ကျည်းရွက်နု တစ်ပိဿာလျှင် ငွေကျပ် ၂၀၀ မှ ၂၅၀ ခန့်ဖြင့် ဝယ်ယူရပြီး အချိန်အခါအလိုက် ဈေးနှုန်း အတက်အကျရှိသည်ဟု သိရသည်။ မန်ကျည်းရွက်နုကို ပတ်ဝန်းကျင်ရွာများမှ ခူး၍ လာရောက်ရောင်းချကြပြီး မန်ကျည်းရွက်ခူးသူတစ်ဦးလျှင် တစ်နေ့တာဝင်ငွေ ကျပ် ၁၅၀၀ မှ ၂၀၀၀ ဝန်းကျင်ရရှိသည်ဟု သိရသည်။ မန်ကျည်းရွက်ချဉ်စပ်လုပ်ငန်းအတွက် လိုအပ်သော အလုပ်သမားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ ခန့် ပေးရသည်ဟု သိရသည်။

မန်ကျည်းရွက်ချဉ်စပ်လုပ်ငန်းသည် အများပေါင်းစု၍ လုပ်ကိုင်ကြသော လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ဒေသခံတောင်သူများအတွက် မိုးကြိုကာလ လယ်ယာလုပ်ငန်းခွင် မဝင်မီ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနေသောလုပ်ငန်းတစ်ရပ်ဖြစ်ပေသည်။ ။

အိန္ဒိယရေပိုင်နက်တွင် ပင်လယ်မျှော့ဖမ်းခြင်း တားမြစ်ထားကြောင်း မြန်မာ့ရေလုပ်သားများ သိရန်လို

ရန်ကုန် မေ ၂၆

အိန္ဒိယနိုင်ငံ၏ ရေပိုင်နက်အတွင်းတွင် ပင်လယ်မျှော့ဖမ်းဆီးခြင်း တားမြစ်ထားသည်ကို မြန်မာ့ရေလုပ်သားများအနေဖြင့် သိရှိရန် လိုအပ်ပြီး ရေလုပ်သားများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သို့ အကြောင်းကြားလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် သဘာဝတောရိုင်းတိရစ္ဆာန်များ ကာကွယ်ရေးအက်ဥပဒေအရ ပင်လယ်မျှော့ (Sea Cucumber) များ ဖမ်းဆီးခြင်းကို တားမြစ်ပိတ်ပင်ထားကြောင်းနှင့် ဖမ်းဆီးမှုအား တွေ့ရှိပါက အိန္ဒိယနိုင်ငံ၏ ဥပဒေအရ ပြင်းထန်သည့် ပြစ်ဒဏ် ပေးအပ်ခံရမည်ဖြစ်ကြောင်းကို မြန်မာရေလုပ်သားများအား အသိပေးစေလိုကြောင်း အိန္ဒိယနိုင်ငံကိုယ်စားလှယ်အဖွဲ့က အကြံပြုပြောကြားထားသည်ဟု မြန်မာအိန္ဒိယနယ်စပ်နယ်ဘက် အာဏာပိုင်များ၏ (၁၇)ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးသဘောတူညီမှုမှတ်တမ်းကောက်နုတ်ချက်ကို ရည်ညွှန်း၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက အကြောင်းကြားလာခြင်းဖြစ်သည်။

သို့ဖြစ်၍ မြန်မာရေလုပ်သားများအား အိန္ဒိယရေပိုင်နက်အတွင်း ပင်လယ်မျှော့ဖမ်းဆီးခြင်း မပြုလုပ်ရေး ထိန်းသိမ်းကြပ်မတ်ပေးပါရန်နှင့် ပင်လယ်မျှော့ဖမ်းဆီးခြင်းပြုလုပ်ပါက အိန္ဒိယနိုင်ငံဥပဒေအရ ထိရောက်စွာ အရေးယူခံရမည်ဖြစ်ကြောင်း အသိပညာပေးဆွေးနွေးသွားနိုင်ရန် ညှိနှိုင်းအကြောင်းကြားအပ်သည်ဟုလည်း ဖော်ပြထားသည်။

(၆၈၀)

ဒေသထွက် ခရမ်းချဉ်သီး ရေရှည်ခံအောင် ပြုလုပ်စားသုံး

ရေတာရှည် မေ ၂၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ခြမ်း နုန်းတင်မြေနုဒေသများတွင် အများအပြား စိုက်ပျိုးလျက်ရှိသည့် တောင်သူများသည် ရာသီကုန်ဆုံးသည့် ယခုလိုနွေရာသီကာလ၌ မိမိတို့ယာခင်းထွက် ခရမ်းချဉ်သီးများကို ရေရှည်စားသုံးနိုင်ရန် အတွဲလိုက်ချိတ်ဆွဲ၍ထားသည်ကို **(အပေါ်ယာပုံ)**ပါ အတိုင်းမြင်တွေ့ခဲ့ရသည်။ 'ခရမ်းချဉ်သီးက အပြန့်လိုက် ကျင်းထားရင် သိပ်ကြာကြာမခံဘူး ပုပ်ကုန်တယ်၊ အခုလို လေဝင်လေထွက်ကောင်းတဲ့ နေရာမှာ အတွဲလိုက်ဆွဲထားတဲ့အခါကျတော့ သုံးလေးလအထိ စားလို့ရတယ်' ဟု ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။ ဈေးကွက်တွင် ယခုလက်ရှိရောင်းချနေသည့် ခရမ်းချဉ်သီးများမှာ ရှမ်းပြည်နယ်တောင်ပိုင်းဒေသများမှ အဓိကဝင်ရောက်လျက်ရှိပြီး တစ်ပိသာလျှင် ငွေကျပ် ၄၀၀ နှင့် ၅၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရသည်။ ကိုလွင်(ဆွာ)

ကျောက်ထိုမြို့နယ်၌ တောင်သူများအား လယ်ယာသုံးစက်ကိရိယာများဖြင့် သရုပ်ပြ

နေပြည်တော် မေ ၂၆

ကျောက်ထိုမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျောက်ထိုမြို့နယ်အတွင်း တောင်သူလယ်သမားများအား လယ်ယာသုံးစက်ကိရိယာများတွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် သရုပ်ပြပွဲကို မေ ၂၁ ရက် နံနက် ၁၀ နာရီတွင် ဘိုရားကြီးကျေးရွာ တောင်သူဦးခင်မောင်ဦး၏ ကွင်းအမှတ်(၈၁ ဂျီအီး) ဦးပိုင်အမှတ်(၂၀) လယ်ဧက ၁၀ ၌ ကျင်းပရာ**(ယာပုံ)** တမန်းလှေဖြင့် မြေယာပြုပြင်ခြင်း၊ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါး ရိတ်သိမ်းခြင်းတို့ကို ပြုလုပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးရားကိုင်ထန်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူအင်အား ၂၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

✻ရှေ့ဖုံးမှ
အပါအဝင် အခြားအဖွဲ့အစည်းများစွာတို့မှပေးအပ်သော ဆုတံဆိပ်များကိုလည်း ရရှိခဲ့ပြီး ကိန်းဘရစ်ဂျ်နှင့် အောက်စ်ဖို့ဒ်တက္ကသိုလ်များအပါအဝင် အခြားတက္ကသိုလ်များစွာတို့မှလည်း ဂုဏ်ထူးဆောင်ဘွဲ့များကို ရရှိခဲ့သည်။

ဒေါက်တာမန်မိုဟန်ဆင်းသည် ၁၉၉၁ ခုနှစ်မှ စတင်၍ အိန္ဒိယအထက်လွှတ်တော်အမတ်တစ်ဦးဖြစ်လာခဲ့ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အတိုက်အခံခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းနောက် ၂၀၀၄ ခုနှစ်တွင်ကျင်းပသော အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး ယင်းနှစ် မေ ၂၂ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ၎င်းနောက် ၂၀၀၉ ခုနှစ် မေ ၂၂ ရက်တွင် ဒုတိယအကြိမ် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဒေါက်တာမန်မိုဟန်ဆင်းသည် ရှုရီမာတီ ဂူရှာရန်ခါနှင့် အိမ်ထောင်ပြုခဲ့ပြီး သမီးသုံးယောက်ရှိသည်။

အရာတော်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် မေ ၂၄ ရက် နံနက်ပိုင်းတွင် အရာတော်မြို့နယ် သပြေသာကျေးရွာနှင့် ဂဲသားမွှေးကျေးရွာတို့မှ ပြည်သူများနှင့်တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာချင်းဆက်လမ်းများ တိုးချဲ့ဖောက်လုပ်ပြီး အဆင့်မြှင့်တင်ရေး၊ သောက်သုံးရေဖူလုံစွာရရှိရေးနှင့် သစ်ပင်များစိုက်ပျိုးရေးတို့ကိုမှာကြားသည်။ ထို့နောက် ဂဲသားမွှေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာများအတွက် ဂျာနယ်၊ စာစောင်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဂဲသားမွှေးကျေးရွာ လေးလက်မပိုက်ရေလှောင်ကန်အား ကြည့်ရှုပြီး ငွေတွင်းကုန်းကျေးရွာ၊ အိုင်သာကျေးရွာတို့မှ ပြည်သူများနှင့်တွေ့ဆုံ၍ အုပ်ရှစ်ကြီး-ရွှေတွင်းကုန်း ကျေးရွာချင်းဆက် လမ်းမြေသားတာပေါင်တိုးချဲ့ဖြည့်ဆည်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အုပ်ရှစ်ကြီးကျေးရွာ ပြည်သူများနှင့် တွေ့ဆုံပြီး မူးခမ်းကြီး-တိုက်ရွာ-အုပ်ရှစ်ကြီး ကျေးရွာချင်းဆက်လမ်းအရှည် ပေ ၂၃၀၀၀ တိုးချဲ့ဖောက်လုပ်မှုလုပ်ငန်းခွင်၌ သဲခင်းခြင်းနှင့် ဂျင်းမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဒီပဲယင်းမြို့နယ် တိုက်ရွာနှင့် ဆူးတပ်ရွာတို့မှ ပြည်သူများနှင့်တွေ့ဆုံသည်။

ဆက်လက်၍ မူးမြစ်ကူးတံတား (ရန်ကြီးအောင်) မူးခမ်းကြီး-ရေကြည်ဝ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မူးမြစ်ကူးတံတား(ရန်ကြီးအောင်) သည် ဒီပဲယင်းမြို့နယ် မူးခမ်းကြီးကျေးရွာနှင့် ရွှေဘိုမြို့နယ် ရေကြည်ဝကျေးရွာတို့ကို ဆက်သွယ်ဖောက်လုပ်ပေးသည့် အရှည်ပေ ၈၄၀ နှင့် အကျယ် ၁၈ ပေရှိ ခံနိုင်ဝန်အား တန် ၆၀ ရှိသော တံတားဖြစ်ပြီး စေတနာရှင်များနှင့် ဒေသခံပြည်သူများက ပူးပေါင်းဆောက်လုပ်နေသည့် တံတားဖြစ်ကြောင်းသိရသည်။

ထို့နောက် အရာတော်မြို့နယ် ရွှေတွင်းကုန်းကျေးရွာ ပြည်သူများနှင့်တွေ့ဆုံ၍ အလျားပေ ၁၂၀၊ အနံပေ ၃၀ နှင့် အမြင့် ၂၅ ပေ ကျယ်ဝန်းသည့် RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နောင်ကြီးအိုင်ကျေးရွာနှင့် ချောင်းဆုံကျေးရွာတို့မှ ပြည်သူများနှင့်တွေ့ဆုံပြီး ချောင်းဆုံကျေးရွာ၌ တိုင်းဒေသကြီး ရေအရင်းအမြစ် ဦးစီးဌာနက တာဝန်ယူတူးဖော်ပေးလျက်ရှိသည့် လေးလက်မပိုက် ရေလှိုင်တွင်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါရေလှိုင်တွင်းကို တွင်းအနက်ပေ ၉၇၀ အထိတူးဖော်ခဲ့ပြီး ပေ ၆၃၀ တွင် သတ်မှတ်စံချိန်မီ ရေကြောရရှိထား၍ ဖူလုံပိုလျှံစွာ ထွက်ရှိနေကြောင်း၊ ဆက်လက်၍လည်း ရေအရင်းအမြစ်ဦးစီးဌာနနှင့် ဒေသခံပြည်သူများ ပူးပေါင်းပြီး ကျေးရွာသောက်သုံးရေရရှိရေးအတွက် ထပ်မံ၍ ရေတွင်း ၁၀ တွင်း တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ရေယိုကျေးရွာ၊ တမာပင်ကျေးရွာနှင့် ဝါးတောမကျေးရွာတို့မှ ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အရာတော်-ဝါးတောမလမ်း အရှည် ၇ မိုင် ၂ ဖာလုံ၊ လမ်းအကျယ်ပေ ၁၀၀ အား စက်ယန္တရားကြီးများဖြင့် တိုးချဲ့ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ဝင်များအား တွေ့ဆုံ

ရန်ကုန် မေ ၂၆

မလေးရှားနိုင်ငံ၌ ဇွန် ၁ ရက်မှ ၁၀ရက်အထိကျင်းပမည့် (၃၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ သေနတ်ပစ်ဖိတ်ခေါ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထက်ညီ ဦးဆောင်သောအားကစားအဖွဲ့ဝင် ၂၆ ဦး၊ သီရိလင်္ကာနိုင်ငံ၌ ဇွန် ၉ ရက်မှ ၁၂ ရက်အထိကျင်းပမည့် (၁၅)ကြိမ်မြောက် အာရှလူငယ်ပြေးခုန်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစံထွန်း ဦးဆောင်သော အားကစားအဖွဲ့ဝင် လေးဦးတို့အား တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထက်ညီ၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးဝင်းနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစံထွန်းတို့က ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။**(အောက်ပုံ)** (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇-၅-၂၀၁၂ (တနင်္ဂနွေနေ့)

(၁၃၇၄ ခုနှစ်၊ နယုန်လဆန်း (၇)ရက်၊ အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၈း၂၅ ၂။ "ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"

၈း၄၀ ၃။ International News

နေ့လယ်ပိုင်း

၁၁း၃၀ ၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာစွမ်းအား"** (အပိုင်း-၈)

၁၂း၅၅ ၂။ မြန်မာဗီဒီယိုဇာတ်လမ်း "နှင်းဆီနက္ခတ်" (လူမင်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ညိုမင်းလွင်)

ညပိုင်း

၄း၃၀ ၁။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားစီမံ)

၅း၀၀ ၂။ "လူမှုစီးပွားတိုးပွားဖြစ် ရွှေချောင်းတံတားအမှတ် (၁)"

၆း၂၀ ၃။ ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၄၁)

၆း၄၀ ၄။ တစ်မျက်နှာ၊ တစ်ကွက်စာ "သူစောင့်တဲ့ဥပုသ်" (ဂွမ်းပုံကြီး၊ ဆောင်းယွန်းစံ၊ စင်သီယာ) [ဒါရိုက်တာ-မေတင် (MMG)]

၇း၀၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာများတဲ့အချစ်"** (အပိုင်း-၂)

၈း၀၀ ၆။ ပြည်တွင်းသတင်း

၇။ **ကာတွန်းအစီအစဉ် "ဒိုင်နိုဆောကမ္ဘာ" (ကျီးချီဒိုင်နိုဆောရဲ့ ရည်းစားလုပွဲ)**

၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ"** (အပိုင်း-၈)

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းနေမည်

နေပြည်တော် မေ ၂၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ မြင်းခြံမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားကောင်းနေမည်။

အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ မြို့တွင်းရပ်ကွက်များ သန့်ရှင်းသာယာလှပစေရန်နှင့် ကျန်းမာရေးညီညွတ်စေရန် မြို့တွင်းရပ်ကွက်များရှိ အမှိုက်များကို ၁၀ ရက်တစ်ကြိမ်၊ တစ်လသုံးကြိမ် ထော်လာဂျီဖြင့် လုပ်ဆောင်ပေးနေသည်ကို မေ ၂၁ ရက် က တွေ့ရစဉ်။

(၆၈၅)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်း လမ်းနေ ဦးကြင်မီ(ခ) ဦးတက်ထွန်း(ခ) ဦးထွန်းတင်၊ ဇနီး ဒေါ်အယ်နီသိန်း မိသားစုက သထုံမြို့ ဘိုးဘွားရိပ်သာသို့ မေ ၁၅ ရက်က ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်း လက်ခံရယူစဉ်။

(ကြေးမုံ)

ကြေးမုံသတင်းစာသို့ စိတ်ဝင်စားဖွယ် သတင်း၊ ဓာတ်ပုံများနှင့် အကြံပြုစာများပေးပို့နိုင်

ကြေးမုံသတင်းစာကို ပြည်သူများစိတ်ဝင်စားဖွယ်ဖြစ်အောင် ယခုအခါ ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ မြို့နယ်သတင်းထောက်များ၊ စာပေဝါသနာရှင်များ၊ သတင်းစိတ်ဝင်စားသူများသည် မိမိတို့မြို့နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသော သတင်းဦး၊ သတင်းထူး၊ စိတ်ဝင်စားဖွယ်သတင်းနှင့် ဓာတ်ပုံများကို အချက်အလက်အထောက်အထားမှန်ဖြင့် အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ပြည့်စုံစွာရေးသား၍ ပေးပို့နိုင်သည့်အပြင် သတင်းစာဖတ်ပရိသတ်များအနေဖြင့်လည်း ဝေဖန်အကြံပြုစာများကို ကြေးမုံသတင်းစာတိုက် နေပြည်တော်သို့ အီးမေးလ်လိပ်စာ themirror.npt@gmail.com နှင့် ဖက်စ်ဖုန်း-၀၆၇-၃၆၁၃၁ တို့ဖြင့် ပေးပို့နိုင်ပါသည်။

(စာတည်းအဖွဲ့)

တန်ဖိုးရှိလှလှငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

◆ကျောဖုံးမှ

ဆက်လက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြရာ၌ နိုင်ငံတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် ဖြေလျှော့မှုများပေးခြင်းအတွက် လိုက်လျောညီထွေ ဆောင်ရွက်နိုင်စေရန် နိုင်ငံပိုင်ဘဏ်များမှ နိုင်ငံခြားငွေစာရင်းအသစ် ဖွင့်လှစ်လာသူများအား တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့်အညီစိစစ်ပြီး နိုင်ငံခြားငွေ ရရှိမှုနှင့်ပတ်သက်၍ ပြည်တွင်း Money Changer Counter၊ Authorized Dealer License ရရှိထားသည့် ဘဏ်များမှ ဝယ်ယူရရှိငွေများ၊ FED Formဖြင့် ကြေညာရန်ကိုင်ဆောင်ထားသည့်ငွေများ၊ ပြည်တွင်းတွင် တရားဝင်ရရှိသည့် အထောက်အထားတင်ပြနိုင်သော အခြားငွေများကို လက်ခံဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံခြားငွေဘဏ်စာရင်းများ ဖွင့်လှစ်ခွင့်အား ၁၇-၅-၂၀၁၂ ရက်တွင် ညွှန်ကြားချက်အမှတ်(၁၂/၂၀၁၂)ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံခြားဘဏ်များအား မိမိနိုင်ငံတွင် ဘဏ်ခွဲဖွင့်လှစ်ခွင့်မပြုမီ ၎င်းဘဏ်များနှင့် ပြည်တွင်း ပုဂ္ဂလိကဘဏ်များ ဖက်စပ်ဘဏ် (Joint Venture Bank) အဖြစ် ဖွင့်လှစ်နိုင်ရေးအတွက် လေ့လာရေးကော်မတီကို ၂၁-၅-၂၀၁၂ ရက်တွင် ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ၎င်းအဖွဲ့အစည်းအနေဖြင့် ဘဏ်ခွဲများဖွင့်လှစ်ရာတွင် လိုအပ်မည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများဖြစ်ပေါ်လာနိုင်မည့် Risk များအတွက် လေ့လာသုံးသပ်တင်ပြရန်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပြည်ပဘဏ်များနှင့် ဖက်စပ် လုပ်ကိုင်ခွင့်ပြုရာတွင် လောလောဆယ် ပြည်တွင်းပုဂ္ဂလိကဘဏ်များ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုအတိုင်းအတာ၊ ယှဉ်ပြိုင်နိုင်မှုအနေအထား၊ ဖက်စပ်လုပ်ငန်းအဖြစ် ဆောင်ရွက်ရန်လိုအပ်နေသေးသည့် အခြေအနေကို ပြောကြားသည်။

ထို့နောက် နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံတွင် ပြည်တွင်းပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များ ဖက်စပ်ဖွင့်လှစ်ရေး၊ နိုင်ငံခြားဘဏ်များ လာရောက်ရေးကိစ္စများအား အစည်းအဝေးသို့ တက်ရောက်လာကြသော အကြံပေးအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၂၇-၅-၂၀၁၂ (တနင်္ဂနွေနေ့)

၅း၄၀	“(၃၂)ဖြာ လက္ခဏာ”တရားတော် (ဆရာတော်မွမ္မူတအရှင်ပညာဝရ)
၈း၀၀	နွေးထွေးတဲ့ကရုဏာရှင် မိခင်များသို့. . .
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "The Sign of Love" (အချစ်သင်္ကေတ) (အပိုင်း-၈)
၂း၄၅	I Got It (Sugar Plam Tree)
၃း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဘဝအားမာန်” (အပိုင်း-၄၈)**
၄း၀၀	MNL(Magwe Vs Manaw Myay) (Live)
၆း၁၅	ရန်ကုန်မြင်ကွင်းကျယ် (ရန်ကင်းပညာရေးကောလိပ် (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အဖြူရောင်တိမ်တိုက်လေး” (အပိုင်း-၃၅)**
၇း၃၅	ရန်ကုန်မြင်ကွင်းကျယ် [ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၁၈)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားများ] (အပိုင်း-၁)
၈း၃၀	ဗီဒီယိုပြခန်း
၁၀း၂၀	သွားမယ်စားမယ် (Ricky's Place)
၁၁း၅၀	မေတ္တာသည်သာ တတ်စွမ်းနိုင်တာ

လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်း အဝေးကွင်းတွင် နိုင်ပွဲရ

မုံရွာ မေ ၂၆

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၁၆) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(မုံရွာကွင်း)

ရန်ကုန်ယူနိုက်တက် -တစ်ဂိုး

(ရာဇာဝင်းသိန်း)

ဇေယျာရွှေမြေ -ဂိုးမရှိ

အဝေးကွင်းဆိုလျှင် ရလဒ်ဆိုးတတ်သည့်လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ အစဉ်အလာဆိုးများကို ချေဖျက်ပြီး နိုင်ပွဲရယူနိုင်ခဲ့သည်။ နှစ်ပွဲဆက်နိုင်ပွဲရခဲ့သည့် ရန်ကုန်အသင်းမှာ ချန်ပီယံဘွဲ့ ကာကွယ်နိုင်ရန် အလားအလာကောင်းသွားခဲ့ပြီး ဒုတိယအကျော့တွင် သုံးပွဲဆက်တိုက်ရှုံးနိမ့်ခဲ့သည်။ ဇေယျာရွှေမြေအသင်းမှာ ချန်ပီယံမျှော်လင့်ချက် ဝေဝါးသွားရပြီဖြစ်သည်။ ရန်ကုန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲအစ သုံးမိနစ်တွင် ဇေယျာရွှေမြေ ကစားသမားဟောင်း ရာဇာဝင်းသိန်းက သွင်းယူပေးခဲ့သည်။ ၈၁ မိနစ်တွင် ရန်ကုန်တို့နောက်ထပ်ဂိုးရရန် အခွင့်အရေးရခဲ့ပြီးတိုက်စစ်မှူး နယူးအူချီ ဝင်အောင်မသွင်းနိုင်၍ ရန်ကုန်ဂိုးပြတ် အနိုင်မရခဲ့ခြင်းဖြစ်သည်။

(အောင်ဆန်းကွင်း)

ဟံသာဝတီယူနိုက်တက် - နှစ်ဂိုး

(အောင်မိုးနှင့် စတန်လေ-ပယ်နယ်တီ)

ဇွဲကပင် ယူနိုက်တက် - ဂိုးမရှိ

ဧရာဝတီကို သရေကစားခဲ့သည့် ခြေစွမ်းမျိုး ဇွဲကပင်အသင်းထုတ်မပြနိုင်ခဲ့ဘဲရှုံးပွဲဖြင့် ပြန်လည်ရင်ဆိုင်ခဲ့ရသည်။ ဟံသာဝတီအသင်းမှာ အမာခံကစားသမားများ ပါဝင်နိုင်ခြင်းမရှိသော်လည်း အကောင်းဆုံးပုံစံဖြင့်ကစားကာ နိုင်ပွဲ ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အနိုင်ဂိုးများကို မိနစ် ၃၀ တွင် အောင်မိုးနှင့် ၄၂ မိနစ်တွင် စတန်လေတို့က သွင်းယူခဲ့သည်။

(KBZ ကွင်း)

ကမ္ဘောဇ - လေးဂိုး

(ချာလက်စ်အိုဘီ၊ ဟန်ဆန်၊ နူနက်ဇ်နှင့် လှအေးထွေး)

ချင်းယူနိုက်တက် - ဂိုးမရှိ

(သုဝဏ္ဏကွင်း)

ဧရာဝတီယူနိုက်တက် - သုံးဂိုး

(မီရို၊ ဂျွန်နှင့် ဂျူပီတာ)

မောရဝတီ - တစ်ဂိုး

(ကျော်လင်းလင်း)

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

မကွေး - မနောမြေ

(NPTကွင်း)

နေပြည်တော် - ရတနာပူရယူနိုက်တက်

သတင်းနှင့်ဓာတ်ပုံ

ရှိုင်းထက်ဇော်

ရန်ကုန်တိုက်စစ်မှူး ကောင်းစည်သူနှင့် ဇေယျာရွှေမြေ နောက်ခံလူ ဇော်လင်းထွန်းတို့ အကြိတ်အနယ်။

☆အာကာသပျံသန်းမှုမှ

အကာအကွယ် အဖြစ်နဲ့ အောက်ဆီဂျင်မျက်နှာဖုံးတွေ တပ်ဆင်ထားကြတဲ့အာကာသယာဉ်မှူးတွေဟာ Dragon ရဲ့ ကုန်လှောင်ခန်းထဲမှာ ထည့်သွင်းသယ်ဆောင်လာတဲ့ စုစုပေါင်းအလေးချိန် ၁၀၁၄ ပေါင်ရှိ အစားအစာ၊ ရေနဲ့ အဝတ်အစားတွေ၊ ဓာတ်ခွဲခန်းသုံးကိရိယာတွေကို လွှဲပြောင်းသယ်ယူခဲ့ကြပါတယ်။

အာကာသယာဉ်အသစ် Dragon ရဲ့ ကိုယ်ထည်ထဲကို ဝင်ရောက်ခဲ့တဲ့ နာဆာ အာကာသယာဉ်မှူး ဒွန်ပက်တစ်ကတော့ “အသစ်စက်စက်ကားအနံ့မျိုးရတယ်ဗျ”လို့ ထုတ်ဖော်ပြောကြားပါတယ်။ နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်) နဲ့ Space X ရဲ့ လူမဲ့ကုန်တင် အာကာသယာဉ် Dragon တို့ ချိတ်ဆက်မိကြခြင်းဟာ လူသားတို့ရဲ့ အာကာသပျံသန်းမှုသမိုင်းမှာ မှတ်တိုင်သစ်တစ်ရပ် စိုက်ထူလိုက်ခြင်း ဖြစ်တဲ့အလျောက် အာကာသယာဉ်ရဲ့ တံခါးကိုဖွင့်လှစ်ခြင်း၊ ရေခဲမုန့်ပုံစံ Dragon အာကာသယာဉ်အတွင်းကို ဝင်ရောက်ခြင်းစတဲ့ လုပ်ငန်းစဉ်တွေကို ဟော်သွန်းကုမ္ပဏီရဲ့ ဝက်ဘ်ဆိုက်နဲ့ နာဆာ တီဗွီတို့ကနေ စနေနေ့ နံနက် ပစိဖိတ်စံတော်ချိန် ၃ နာရီမှာ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ကြပါတယ်။

တကယ်တော့ ခုလို လူမဲ့ကုန်တင် အာကာသယာဉ်နဲ့ ကုန်ပစ္စည်းတွေကို သယ်ယူပို့ဆောင်လွှဲပြောင်းပေးခြင်းဟာ Space X ရဲ့ အဓိက ရည်မှန်းချက် လုပ်ငန်းတာဝန်တော့ မဟုတ်ဘူးလို့ဆိုပါတယ်။ အဓိက ရည်မှန်းချက်ကတော့ ကမ္ဘာပတ်နေတဲ့ နိုင်ငံတကာ အာကာသစခန်းယာဉ်ကြီး (အိုင်အက်စ်အက်စ်) နဲ့ ဆုံရပ်တစ်နေရာမှာ လက်တွေ့ချိတ်ဆက်ခြင်းနဲ့ အိုက်အက်စ်အက်စ်မှာ တပ်ဆင်ထားတဲ့ ကွန်ပျူတာတွေနဲ့ Link up လုပ်ချိတ်ဆက်ခြင်းတို့က အဓိကဖြစ်တယ်လို့ ဆိုပါတယ်။

လူ့သမိုင်းမှာ ပထမဆုံးအဖြစ် အာကာသယာဉ်တစ်စင်းကို ပုဂ္ဂလိကပိုင် ကုမ္ပဏီတစ်ခုက တည်ဆောက်လွှတ်တင်နိုင်ခဲ့ခြင်း ဖြစ်တဲ့အပြင် ရည်မှန်းချက်တွေလည်း ပေါက်မြောက်အောင်မြင်ခဲ့တဲ့အတွက် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်လိုက်နိုင်ပြီလို့ ဆိုရမှာဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် အခြေစိုက် Space X ရဲ့ တရားဝင်နာမည်က Space Exploration Technologies Corp ဖြစ်ပြီး Dragon (နဂါး)အာကာသယာဉ်ကို သာမက ၎င်းကို အာကာသအတွင်း သယ်ဆောင်လွှတ်တင်ဖို့အတွက် Falcon-9 (သိမ်းငှက်-၉) အမည်ရှိတဲ့ ဒုံးယာဉ်ကိုပါ ကိုယ်ပိုင်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ နာဆာက အပ်နှံတဲ့ ကန်ထရိုက်လုပ်ငန်းတွေကို ဝန်ထမ်းအင်အား ၁၈၀၀ ခန့်နဲ့ လက်ခံလုပ်ဆောင်ပေးနေပြီး လက်ရှိအချိန်မှာတော့ အိုင်အက်စ်အက်စ်အတွက် လိုအပ်တဲ့ ကုန်ပစ္စည်းတွေကို ပျံသန်းမှုခေါက်ရေ ၁၂ ကြိမ်နဲ့ ပျံသန်းပို့ဆောင်ပေးရမယ့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံတန်ကြေးရှိတဲ့ ကန်ထရိုက်လုပ်ငန်းတစ်ခုကို လက်ခံရရှိထားပါတယ်။

ဒါဟာ နှစ် ၃၀ ကြာမျှ ပျံသန်းခဲ့တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ အာကာသလွန်းပြန်ယာဉ် စီမံကိန်း ၂၀၁၁ ခုနှစ်မှာ ပြီးဆုံးသွားခဲ့တဲ့နောက် ပုဂ္ဂလိကပိုင် အာကာသယာဉ်များ ပျံသန်းတဲ့ ခေတ်သစ်တစ်ခုဆီကို ချင်းနင်းဝင်ရောက်လာခြင်း ဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်အထိ အာကာသထဲမှာ ရှိနေဦးမယ့် နိုင်ငံတကာ အာကာသစခန်းယာဉ်ကြီး (အိုင်အက်စ်အက်စ်) ဆီကို ကူးချည်သန်းချည်ပြုလုပ်ပြီး ပစ္စည်းပစ္စယတွေ ပို့ဆောင်ပေးတဲ့ ဝန်ဆောင်မှုလုပ်ငန်းကို Space X သာမက သူ့ရဲ့ပြိုင်ဘက်အဖြစ် Orbital Sciences Corporation ကလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ တန်ကြေးရှိတဲ့ ကန်ထရိုက်လုပ်ငန်းတစ်ခုကို ရရှိထားတာကြောင့် ယခုနှစ်ကုန်ပိုင်းမှာ အာကာသယာဉ်တစ်စင်း စမ်းသပ်ပျံသန်းခြင်းဖြင့် ဝင်ရောက်လာဦးမှာ ဖြစ်တယ်ဆိုတဲ့အကြောင်း သတင်းစကားပါးအပ်ပါတယ်။ ။

ရေစီးရေလာကောင်းမွန်ရေး ရေတာရှည်မြို့နယ်တွင် ဆောင်ရွက်

ရေတာရှည် မေ ၂၆

နှစ်စဉ်လိုလို မိုးရာသီကာလတွင် ရေတာရှည်မြို့နယ် အနိမ့်ပိုင်းရပ်ကွက်များတွင် ရေလျှံလေ့ရှိပြီး ယခုအခါရေစီးရေလာကောင်းမွန်ရေးနှင့် ရေပို၊ ရေလျှံ၊ ရေဆိုးများကို လျင်မြန်စွာစီးဆင်းစေရန်အတွက် ရေတာရှည်မြို့ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်နှင့် အခြားသော မြောင်းဖြတ်ကွန်ကရစ်တံတား ငါးစင်းတို့ကို မေ ၂၅ ရက်မှစတင်၍ ရေတာရှည်မြို့နယ် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ရေပုပ်ရေဆိုးများကြောင့် ရပ်ကွက်နေပြည်သူများအနေဖြင့်အသက်များဆိုးရွားမှု၊ ရေကြောင့်ဖြစ်သော ရောဂါများကင်းဝေးစေရန်နှင့် မိုးရာသီတွင် မြို့တွင်းသွားလာမှုအဆင်ပြေစေရန် ရေတာရှည်မြို့အရှေ့ဘက် ကဲလင်းကုန်းကျေးရွာအနီးတွင် အဓိကရေဆိုးထုတ်မြောင်းကြီးကို စက်ယန္တရားများဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၇၈)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ဘောလုံးလောကသတင်းတိုများ

❖ *အင်္ဂလန်အသင်းမှ ဒဏ်ရာရရှိထားသည့် စကော့ပါကာ၊ ဂျွန်ဆင်နှင့် ဒန်နီဝဲလ်ဘက်တို့သုံးဦးသည် ဆေးဝါးကုသမှုခံယူနေဆဲဖြစ်သော်လည်း ယူရို ၂၀၁၂ ပြိုင်ပွဲ၏ ဇွန် ၁၁ ရက်တွင် ယှဉ်ပြိုင်မည့် ပြင်သစ်အသင်းနှင့် ပွဲစဉ်မတိုင်မီ ဒဏ်ရာမှသက်သာကာ အကောင်းဆုံးပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း အင်္ဂလန်အသင်းနည်းပြရှိုင်းဟော့ဂ်ဆန်က ပြောကြားခဲ့သည်။*

❖ *အဲဗာတန်၊ ဖူဟမ်၊ ဆန်းဒါးလန်းနှင့် ဆဲတစ်အသင်းတို့သည် အသက်(၂၁)နှစ် အရွယ်ရှိ လိုင်လီတိုက်စစ်မှူး ဆင်းဂါဒါဆင်အား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။*

❖ *မန်ယူကစားသမား ရီယိုဖာဒီနန်နှင့် ချယ်လ်ဆီးကစားသမား ဂျွန်တယ်ရီတို့ကို မန္တိုင်းယှဉ်သင့်ကြောင်း ရီးယဲလ်မက်ဒရစ်နှင့် ပေါ်တူဂီကြယ်ပွင့် ခရစ္စတီယာနိုရော်နယ်ဒိုက ရှိုင်းဟော့ဂ်ဆန်အား ပြောကြားခဲ့ပြီးနောက် ဖာဒီနန်သာလျှင် အင်္ဂလန်အသင်းတွင် အကောင်းဆုံးနောက်တန်းကစားသမားဖြစ်သည်ဟု ယူဆကြောင်း ရော်နယ်ဒိုက ဖွင့်ဆိုခဲ့သည်။*

❖ *ကျူပီအာအသင်းခေါင်းဆောင် ဂျိုးဘာတန်သည် ၁၂ ပွဲပယ်ပြစ်ဒဏ်ကြောင့် လာမည့်ဘောလုံးရာသီ၏ ပထမသုံးလတွင် ပါဝင်နိုင်မည်မဟုတ်သောကြောင့် ဂျိုးဘာတန်နေရာတွင် အစားထိုးရန် ကျူပီအာနည်းပြမာ့ဟုချ်က မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဒီဂျောင်အား မျက်စိကျနေကြောင်း သိရသည်။*

❖ *ဂွာဒီယိုလာသည် လာမည့်ဘောလုံးရာသီတွင် အသင်းနည်းပြအဖြစ်မှ အနားယူမည်လားဆိုသည့် မေးခွန်းအားငြင်းဆိုခဲ့ပြီးနောက် ပရီမီယာလိဂ် အင်အားကြီးအသင်းများဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့နှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့၍ ပျော်ရွှင်မိသည်ဟုဆိုသည်။*

❖ *ဗလင်စီယာအသင်းသည် စပိန်တင်းလစ္စဘွန်းအသင်းမှ နောက်တန်းကစားသမား ပီရိန်ရာအား အလွတ်ပြောင်းရွှေ့ကြေး ပေါင် ၃ ဒသမ ၇ သန်းဖြင့် အပြီးသတ်စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။*

❖ *အေစီမီလန်အသင်းသည် ချယ်လ်ဆီးတိုက်စစ်မှူး ကာလူးအား မျက်စိကျနေပြီး ကာလူးအား ခေါ်ယူနိုင်ရေးအတွက် အာဆင်နယ်အသင်းနှင့်အပြိုင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အေစီမီလန်အသင်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။*

❖ *ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဘန်ဇီမာသည် အသင်းနည်းပြစူပါဝမ်းမော်ရင်ဟို အသင်းနှင့် ၂၀၁၆ ခုနှစ်အထိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။*

နိုင်ငံတကာ အားကစား နိုင်ငံတကာ အားကစား နိုင်ငံတကာ အားကစား

ရောဘတ်တိုမာတီနက်ဇ်အား လီဗာပူးအသင်းက ကမ်းလှမ်းခဲ့

လန်ဒန် မေ ၂၆

လီဗာပူးအသင်းသည် နည်းပြကင်နီဒဲဂလစ်ရှ်ထွက်ခွာသွားပြီးနောက် ဝီဂန်အသင်းနည်းပြ ရောဘတ်တိုမာတီနက်ဇ်အား ပြောင်းရွှေ့ကြေး ပေါင်သုံးသန်းဖြင့် ကမ်းလှမ်းလိုက်ကြောင်း မေ ၂၆ ရက် အင်တာနက်အားကစားသတင်းတစ်ရပ်က ဖော်ပြသည်။

လီဗာပူးအသင်းပိုင်ရှင် ဂျွန်ဟန်နရီသည် လစ်လပ်နေသော အမ်ဖီးလ်နည်းပြရာထူးနေရာတွင် အစားထိုးရန် အသင်းနည်းပြသစ် ခေါ်ယူရေးနှင့် ပတ်သက်၍ ဝီဂန်အသင်းနည်းပြ ရောဘတ်တိုမာတီနက်ဇ်နှင့် မီယာမီမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး မေ ၂၉ ရက်တွင် နောက်ထပ်တစ်ကြိမ် ထပ်မံဆွေးနွေးမည်ဖြစ်သည်။

ဝီဂန်အသင်းနည်းပြ ရောဘတ်တိုမာတီနက်ဇ်သည်မီယာမီမြို့သို့သွားရောက်ကာ လီဗာပူးအသင်းပိုင်ရှင်နှင့် တွေ့ဆုံဆွေးနွေးပြီး လီဗာပူးအသင်း၏ ကမ်းလှမ်းမှုနှင့် ပတ်သက်၍ စဉ်းစားခွင့်ပြုရန် တောင်းဆိုထားကြောင်း ဝီဂန်အသင်းပိုင်ရှင် ဒေ့ဗ်ဝှီလန်က ပြောကြားခဲ့သည်။

ရောဘတ်တိုမာတီနက်ဇ်သည် ဝီဂန်အသင်းပိုင်ရှင်၏ ခွင့်ပြုချက်ကို တောင်းခံခဲ့ကြောင်း၊ ဝီဂန်အသင်းပိုင်ရှင် ဒေ့ဗ်ဝှီလန်အနေဖြင့်လည်း မာတီနက်ဇ်၏ အနာဂတ်ရွေးချယ်မှုကို ခွင့်ပြုမည်ဖြစ်ကြောင်း၊ လီဗာပူးအသင်းကလည်း မာတီနက်ဇ်အား ပြောင်းရွှေ့ကြေးပေါင်နှစ်သန်းသို့မဟုတ် သုံးသန်းပေး၍ ဝယ်ယူရန် ကမ်းလှမ်းထားသည်ကို ကြားသိခဲ့ရကြောင်း ဝီဂန်အသင်းပိုင်ရှင် ဒေ့ဗ်ဝှီလန်က ပြောကြားခဲ့သည်။

မာတီနက်ဇ်သည် အမ်ဖီးလ်နည်းပြဖြစ်လာရေး ဆန္ဒပြင်းပြလျက်ရှိရာ မေ ၂၉ ရက်ဆွေးနွေးပွဲတွင် သဘောတူညီချက်ရရှိနိုင်ကြောင်းနှင့် မာတီနက်ဇ်အနေဖြင့် အဆိုပါဆွေးနွေးပွဲတွင် ဆုံးဖြတ်ချက်အမြန်ချရန် အရေးကြီးကြောင်းနှင့် မာတီနက်ဇ် ဝီဂန်နည်းပြအဖြစ်မှ ပြောင်းရွှေ့မည်ဆိုပါက မိမိအနေဖြင့် လာမည့်ဘောလုံးရာသီအတွက် နည်းပြသစ်ရှာဖွေရန် ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း ဝီဂန်အသင်းပိုင်ရှင် ဒေ့ဗ်ဝှီလန်က ထုတ်ဖော်ပြောကြားခဲ့သည်။

အင်တာနက်။

ဆွမ်ဆီးအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ဆင်ကလဲယား ဆိုင်းငံ့ထား

လန်ဒန် မေ ၂၆

ဆွမ်ဆီးအသင်းမှ တောင်ပံကစားသမား စကော့ဆင်ကလဲယားသည် ဆွမ်ဆီးအသင်းနှင့် လက်ရှိစာချုပ်သက်တမ်းတစ်နှစ် ကျန်ရှိနေသေးသဖြင့် စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုရေး ဆိုင်းငံ့ထားကြောင်း သိရသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဆွမ်ဆီးတောင်ပံကစားသမား ဆင်ကလဲယားသည် ၂၀၁၀ ခုနှစ် ဩဂုတ်လက ချယ်လ်ဆီးအသင်းမှ ပြောင်းရွှေ့ကြေး ပေါင် ၁ ဒသမ ၅ သန်းဖြင့် ရောက်ရှိလာခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် ဆွမ်ဆီးအသင်းအတွက် ရှစ်ဂိုးသွင်းယူပေးခဲ့သည်။

ဆွမ်ဆီးအသင်းဥက္ကဋ္ဌ ဟော်ဂျန်ကင်သည် ဆင်ကလဲယားအား စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရေး သဘောတူညီချက်ရရှိလိုကြောင်း ယခုလအစောပိုင်းက ပြောကြားခဲ့သည်။ ထို့ကြောင့် ဟော်ဂျန်ကင်သည် ဆင်ကလဲယားနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

သို့သော် တောင်ပံကစားသမား ဆင်ကလဲယားအနေဖြင့် လက်ရှိ ဆွမ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသဖြင့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ဆိုင်းငံ့ထားသည်။ ထို့ပြင် ဆင်ကလဲယားက လက်ရှိလုပ်ခလစာထက်တိုး၍ လိုချင်ကြောင်း

ဖွင့်ဟထားသည်။

ဆွမ်ဆီးအသင်းဥက္ကဋ္ဌ ဟော်ဂျန်ကင်က လုပ်ခလစာကို စဉ်းစားခြင်းမပြုဘဲ ဆင်ကလဲယားအနေဖြင့် ဆွမ်ဆီးအသင်းတွင် ဆက်နေရန်နှင့် ယခုလကုန်တွင် အဆုံးအဖြတ်ပေးရန် တောင်းဆိုထားကြောင်း မေ ၂၆ ရက် အားကစား သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အင်တာနက်။

နိုင်လင်းကြည်

ငါးဒိုင်မှ ငါးများယူရောင်း၍ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်သူအား အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်ချမှတ်

နေပြည်တော် မေ ၂၆

နေပြည်တော် ပျဉ်းမနားမြို့ အာဟာရသုခဈေးရှိ ငါးပွဲရုံ (ငါးဒိုင်) မှတစ်ဆင့် ပြန်လည်ရောင်းချရန် ယူ၍ ရောင်းရငွေအား ပွဲရုံသို့ပေးဆပ်ခြင်းမရှိဘဲ မိမိကိုယ်ကျိုးအတွက် လိမ်လည်အလွဲသုံးစားပြုလုပ်သူအား ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ်သုံးနှစ် ကျခံစေရန် ၁၇-၅-၂၀၁၂ ရက်နေ့က ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀-၁၀-၂၀၁၀ နေ့ ညနေပိုင်းက ဦးမျိုးကျော်သူ (၂၉)နှစ် အာဟာရသုခဈေးတွင် ဖွင့်လှစ်ထားသော "ဟန်သစ်" ငါးပွဲရုံသို့ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရွာနယ်မြေ (၂) တွင်နေထိုင်သော ဖိုးသိန်း (၃၅)နှစ် (ဘ) ဦးဝင်း ရေဆင်းရွာ ရောက်ရှိလာပြီး ငါးများ တစ်ဆင့်ဖြန့်ဖြူးရောင်းချလိုသဖြင့် ဦးမျိုးကျော်သူထံမှ ငါးကုန်ချိန် ပိဿာ၂၃၀၀ ၊ ကာလတန်ဖိုးငွေကျပ် ၅၂၂၀၄၅၁ အား ယုံကြည်စွာပြောဆို၍ စာချုပ်ချုပ်ဆိုပြီး ပေးလိုက်ရာမှ ဖိုးသိန်းသည် ငါးပွဲရုံသို့ ရောင်းရငွေအား ပြန်လည်ပေးချေခြင်းမရှိသဖြင့် ဦးမျိုးကျော်သူက ၁၈-၆-၂၀၁၁ ရက်နေ့တွင် ပျဉ်းမနားရဲစခန်းသို့ တိုင်တန်းရာ ရဲစခန်းမှ (ပ) ၃၈၀/၂၀၁၁ ပြစ်မှုပုဒ်မ ၄၂၀ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်ပြီး ၁၈-၈-၂၀၁၁ နေ့တွင် ပျဉ်းမနားရဲစခန်းမှ စွဲချက်အမှတ် ၄၃၇/၂၀၁၁ ပြစ်မှုပုဒ်မ ၄၂၀ ဖြင့် ပျဉ်မနားမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပျဉ်းမနား တရားရုံးမှ ရာဇဝတ်မှုအမှတ် ၅၇၇/၂၀၁၁ ဖြင့် တွဲဖက်မြို့နယ် တရားသူကြီး (၁) ဦးညဏ်မြင့်က လက်ခံစစ်ဆေးခဲ့ပြီး ၁၇-၅-၂၀၁၂ နေ့တွင် ပုဒ်မ ၄၂၀ အရ ပြစ်မှုထင်ရှားသဖြင့် တရားခံ ဖိုးသိန်း (၃၅) နှစ် (ဘ) ဦးဝင်းအား အလုပ်နှင့် ထောင်ဒဏ်သုံးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ (၆၈၈)

နေအိမ်တံခါးဖွင့် အိပ်ရာမှ ရွှေငွေ ၇၃ သိန်း အခိုးခံရ

လေးမျက်နှာ မေ ၂၆

မေ ၁၈ ရက် ည ၁၁ နာရီခန့် လေးမျက်နှာ စက်ပိုင်းရပ်နေ ဒေါ်မေရီစန်း အသက်(၄၂)နှစ် (ဘ-ဦးပြေအေး) ခင်ပွန်း ဦးမိုးဆွေ ဇနီးမောင်နှံတို့သည် ရာသီဥတုပူအိုက်သဖြင့် နေအိမ်ရှေ့တံခါးမကိုဖွင့်ပြီး ရွှေလက်စွပ် ရှစ်ပဲသား တစ်ကွင်း၊ နဝရတ် ရှစ်ပဲသားလက်စွပ် တစ်ကွင်း၊ စိန်လက်စွပ် ရှစ်ပဲသား တစ်ကွင်း၊ ရွှေဟန်းချိန်း သုံးကျပ်သားတစ်ကွင်း၊ ရွှေအခေါက် တစ်ကျပ်ရှစ်ပဲသား တစ်တုံး၊ ငွေကျပ် ၂၀၀၀၀၀၀ တို့ကို ဂျင်းအိတ် အပြာတွင်ထည့်၍ လင်မယားနှစ်ဦး ရင်ခွင်ကြားထဲထည့်အိပ်ရာ မေ ၁၉ ရက် နံနက် ၄ နာရီတွင် အိပ်ရာမှလန့်နိုး၍ ကြည့်လိုက်ရာတွင် ရွှေငွေထည့်ထားသော ဂျင်းအိတ် ပျောက်ဆုံးကြောင်း သိရှိလိုက်ရသဖြင့် ဒေါ်မေရီစန်း၏ တိုင်တန်းချက်အရ အိုင်သပြု ရဲစခန်းမှ (ပ) ၁၈-၂၀၁၂ပုဒ် မ-၃၈၀ ဖြင့် စုံစမ်းစစ်ဆေး ရှာဖွေနေကြောင်း သိရသည်။ (၅၅၂)

ကျောင်းအပ်နှံရေးနေ့အခမ်းအနားများ ကျင်းပ

ဆိပ်ဖြူမြို့နယ် (မြို့နယ်လုံးကျွတ်)

နေပြည်တော် မေ ၂၆ ။ ။ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် (မြို့နယ်လုံးကျွတ်) ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ဆိပ်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ယနေ့နံနက် ၈ နာရီခွဲတွင်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဌေးဝင်းက ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ အခြေခံပညာမူလတန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များ အခမဲ့ထောက်ပံ့ပေးနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအသင်းတို့က စုစုပေါင်းငွေကျပ် ၁၆၀၃၈၂၀၀ တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမက(၁၀) စမ်းချောင်း

ရန်ကုန် မေ ၂၆ ။ ။ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ် (၁၀) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ကျောင်းအပ်နှံမှုကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျောင်းအပ်နှံရာတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးကြူက ဦးဆောင်၍ ဆရာ ဆရာမများက ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် လာရောက်ကျောင်းအပ်နှံသော သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏မိဘများက ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ဖတ်စာအုပ်နှင့် ဗလာစာအုပ် ခြောက်အုပ်နှုန်းအခမဲ့ပေးလျက်ရှိပြီး မည်သည့်အကြေးငွေ ကောက်ခံမှုများ မပြုသည့်အပြင် မည်သည့်ရောင်းချမှုမျိုးကိုလည်း လုပ်ဆောင်ခြင်းမရှိသည်ကို တွေ့ရှိရသည်။ (၆၈၀)

အထက(၁) ရန်ကင်း

ရန်ကုန် မေ ၂၆ ။ ။ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီက ရန်ကင်းမြို့နယ် အထက (၁) ကျောင်းခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးထန်ဆွင်းဒါးလ်က ကျောင်းနေအရွယ်ကလေး ကျောင်းနေရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြ၍ ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ရပ်ကွက်များမှ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေ စုစုပေါင်း ၁၂ သိန်း လေးသောင်းကျော် အားပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ (ကြေးမုံ)

ယာဉ်ကိုမဆင်မခြင်မောင်းနှင်၍ တိမ်းမှောက်မှုအား ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော် မေ ၂၆

မေ ၁၉ ရက် နံနက် ၆ နာရီ မိနစ် ၄၀ က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမကြီးအတိုင်း ထန်းတပင်မှ လှိုင်သာယာသို့ လွင်ထိုက်(၂၉)နှစ် မောင်းနှင်လာသည့် ၅က/----- ဘီအမ်ယာဉ်သည် အမှတ်(၉) ရဲတပ်ရင်းအနီးသို့အရောက် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ထန်းတပင်မြို့နယ်နေ စောအယ်ကြူ (၂၀)နှစ်ပါ ကျားတစ်ဦး၊ မခြောက်ဦး ပေါင်း ခုနစ်ဦးတို့မှာ ပွန်းပဲ့ပေါက်ပြဲဒဏ်ရာများရရှိပြီး လှိုင်သာယာဆေးရုံတွင် ပြင်ပလူနာများအဖြစ် ကုသလျက်ရှိသည်။

သို့ဖြစ်၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ လှိုင်သာယာမြို့နယ်နေ လွင်ထိုက် (၂၉)နှစ်အား သောင်ကြီးရဲစခန်း(ပ) ၃၄၆/၂၀၁၂ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈/၂၇၉ တို့ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူအား အမှုဖွင့်စုံစမ်းလျက်ရှိ

နေပြည်တော် မေ ၂၆

၁၉-၅-၂၀၁၂ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၇)ရပ်ကွက်မှ စက်မှုဇုန်သို့ ယာဉ်မောင်း(စိစစ်ဆဲ) မောင်းနှင်လာသည့် သန့်မြန်သူ(၇၇)ယာဉ်လိုင်းမှ ယာဉ် အမှတ် ၂က/----- မာဇဒါကွန်ဒိုထရပ်ခရီးသည်တင်ယာဉ်သည် ကွမ်းယာဆိုင်မှတ်တိုင်အနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်အစပ်၌ ဝဲဘက်သို့ စောင်းပြီး တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်စီးနင်းလိုက်ပါလာသည့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေ တင်ဝင်းလှိုင်(၂၄)နှစ် ပါ ကျားခြောက်ဦး၊ မ ရှစ်ဦးတို့မှာ ပွန်းပဲ့ဒဏ်ရာများရရှိပြီး သဃ်န်းကျွန်းစံပြ ဆေးရုံတွင် အတွင်းလူနာ/ပြင်ပ လူနာများအဖြစ် တင်ပို့ကုသလျက်ရှိသည်။ သို့ဖြစ်၍ မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းအား ဒဂုံတောင်ရဲစခန်း(ပ)၅၀၉/၂၀၁၂ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈/၂၇၉/၂၀၂ တို့ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (ဆွေဆွေနိုင်-သတင်းစဉ်)

မိုဘိုင်းဖုန်း ကတ်ပျောက်ကတ်ပျက်များ ဆောင်ရွက်ပေးလျက်ရှိ

မန္တလေး မေ ၂၆

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီးမှ ချထားပေးခဲ့သော မိုဘိုင်းဖုန်းများ၏ ကတ်ပျောက်ကတ်ပျက်များအား လာရောက်လျှောက်ထားသူ၏ မှတ်ပုံတင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ထုတ်ပေးထားသည့် ပိုင်ဆိုင်မှုအထောက်အထား (မူရင်း/မိတ္တူ) တစ်စုံနှင့် ဝန်ခံကတိတို့ဖြင့် တိုင်းဒေသကြီး မန်နေဂျာရုံး၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ (ဘိုကျော်)

ရမည်းသင်းမြို့နယ်တွင် လေပြင်းတိုက် ကျောင်းများ အမိုးလန်ပြီး အိမ်အချို့လည်း ပြိုကျ

ရမည်းသင်း မေ ၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မကျီးကုန်းအုပ်စုတွင် မေ ၁၅ ရက် ညနေ ၆ နာရီခွဲခန့်က လေပြင်းများတိုက်၍ ကျောင်းနှင့်အိမ်သွပ်မိုးများ အချပ်လိုက်ကွာကျခြင်း၊ သစ်ပင်များကိုင်းကျိုးခြင်း၊ ခေါင်လန်ခြင်း၊ အိမ်ပြိုခြင်းတို့ဖြစ်ခဲ့သည်ဟု သိရသည်။

မကျီးကုန်းမြောက်ရွာ မူလတန်းကျောင်း၌ ပင်မကျောင်းဆောင်တွင် မိုးထားသောသွပ်များ ငါးခန်းကျော်နှင့် တိုးချဲ့ဆောင်တွင် သုံးခန်းကျော်လေကြောင့် ပြုတ်ထွက်အချပ်လိုက်ကွာကျကာ ပျက်စီးခဲ့ပြီး ကျောင်းတွင်းရှိ သစ်ပင်များ ကိုင်းကျိုးခြင်းတို့ဖြစ်ခဲ့သည်။ အလားတူပင် ပေပင်ရွာ မူလတန်းကျောင်းတွင်လည်း ကျောင်းဆောင်နောက်ခြမ်း ခြောက်ခန်းခန့် လေပြင်းဒဏ်ကြောင့် သွပ်များ ပြုတ်ထွက်ကာ သွပ်များတစ်ချပ်စီ လိုက်ကောက်ရသည်ဟု သိရသည်။ သစ်ပင်များပေါ်တွင် သွပ်များ တင်လျက်ရှိပြီး ကျောင်းဆိုင်းဘုတ်နှင့် အလံတိုင်ပျက်စီးသွားကြောင်း သိရသည်။

"လေနှင့် မိုးစုံ၍ကျပြီး လေမှာ ဝဲကတော့သဏ္ဌာန် တိုက်ခတ်ပြီး ၁၅ မိနစ်ဝန်းကျင်ခန့်ကြာသည်"ဟု ဒေသခံတစ်ဦးက ပြောသည်။

မကျီးကုန်းမြောက်ဘက်ရွာတွင် အိမ် ၁၀ လုံး၊ တောင်ရွာ၊ ပေပင်ရွာနှင့် ကြာကန်ရွာတို့တွင် အိမ်လေးငါးလုံးခန့် ခေါင်လန်၍သွပ်များ အချပ်လိုက် ကွာကျကာ ရွာတွင်းသစ်ပင်များ ကိုင်းများ ကျိုးကျသည်ဟုသိရပြီး မြောက်ရွာ ဦးဇော်လေး၏ လေးပင် × သုံးပင် အိမ်မှာ လေပြင်းဒဏ်ကြောင့် လဲပြိုခဲ့သည်ဟု သိရသည်။

သရက်ခြံများ ကိုင်းကျိုး၍ သရက်သီးများ ကြွေကျခြင်း၊ စပျစ်ခြံများပြို၍ အပင်များလဲခြင်း၊ ခြံစည်းရိုးများ ပျက်စီးခြင်းတို့လည်း ဖြစ်ခဲ့သည်။

ဦးမြင့်စိုး ခြံတွင် ခြံပြို၍ စပျစ်အပင် ၃၀၀ ကျော်လဲကျသွားသည်ဟု သိရပြီး လေပြင်းဒဏ်ကြောင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဟု သိရသည်။ (၆၅၄)

ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် မေ ၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်းများ၏ သားသမီးများအား မေ ၂၅ ရက်တွင် ခရိုင်မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ၂၀၁၂/၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးမှု အခမ်းအနားတွင် ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး ကျော်တေဇက တက္ကသိုလ်အဆင့် ကျောင်းသူတစ်ဦးအား ပညာသင်စရိတ်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ (၆၅၄)

ပြည်သူ့ထံမှ ပေးစာများ

အနံ့ဆိုးနှင့် စက်သံဆူညံ နားမခံသာ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ် (၂)ရက်ကွက် (၅၄)လမ်းတို အနော်ရထာ အိမ်ရာမြေညီထပ်အခန်းများတွင် ပုံနှိပ်လုပ်ငန်းများနှင့် စားသောက်ကုန်လုပ်ငန်းများကို မိမိတို့ အိမ်နောက်ဖေးလမ်းကြားတွင် အဖီထိုး၍ လုပ်ကိုင်လျက်ရှိပါသည်။ မီးစက်ကြီးများဆူညံသံနှင့် အနံ့ဆိုးများ နေ့စဉ် ခံစားနေရသည့်အပြင် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးနှင့် မီးဘေးအန္တရာယ်ရှိပါသဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ပတ်ဝန်းကျင်နေထိုင်သူများ။

ညော်နံ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၁၀)ရပ်ကွက် မောင်ထော်လေးလမ်းနှင့် (၃၁) လမ်းကြား အနော်ရထာ လမ်းမတန်းတွင် အကြော်မျိုးစုံကို ညနေ ၃ နာရီမှ ည ၉ နာရီခန့်ထိ ကြော်လှော်ရောင်းချလျက်ရှိရာ လူမမာများ၊ သက်ကြီးရွယ်အို၊ ကလေးသူငယ်များ အညော်နံ့များကြောင့် ကျန်းမာရေးထိခိုက်စေပါသည်။ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အညော်နံ့မခံနိုင်သူများ။

စပယ်ယာများ ယဉ်ကျေးစွာ ဆက်ဆံစေချင်

စာတည်းရှင့်-

ကျွန်မသည် အသက်ကြီးပိုင်းဖြစ်ပါ၍ ဘာမျှမကိုင်နိုင် ဘာမျှမလုပ်နိုင်သော်လည်း နေ့စဉ်ဘဝ ကြုံတွေ့ရမှုကိုမူ မနေသာ၍ ကြိုးစားရေးလိုက်ပါသည်။

မေ ၁ ရက်က ကျွန်မတို့အိမ်မှ မိသားစု ငါးယောက် ရွှေတိဂုံဘုရားဖူးပြီး ကလေးနှစ်ယောက်ကို Happy World ကစားကွင်း လိုက်ပို့ပါသည်။ အပြန်တွင် မြေနီကုန်းမှတ်တိုင်နှင့် မကြီးကြီးလမ်းမှတ်တိုင်ကြား ရွှေတိဂုံဘုရားမှ ထွက်သည့် ၃ ကားကို တားစီးပါသည်။ ကားကရပ်တော့ ရပ်ပေးပြီး စပယ်ယာက ကားပေါ်မှ လိုက်မှာလား တစ်ယောက် ကျပ် ၅၀ ပိုပေးရမယ်လို့ပြောတာကြောင့် သားနှင့် စကားများကြပါသည်။ ကားစပယ်ယာကလည်း ငွေ ၂၅၀ လေးပိုရဖို့ လောဘဖုံးပြီး အိမ်ကသားကလည်း မဟုတ်မခံမို့ ရန်ဖြစ်ကြပါသည်။ စပယ်ယာက အောက်သို့ဆင်းလာပြီး ရိုက်မယ်နှက်မယ် ဖြစ်လို့ ချွေးမကဝင်ဖျန်ဖြေလိုက်ပါသည်။

ကျွန်မတို့လည်း ၉၉ ကားလိုင်းစီး ပြန်တော့ပိုက်ဆံပိုတောင်းပြန်ရာ စကားနည်းရန်စဲ ပေးလိုက်ပါသည်။ နောင်ကို ၉၉ ကားမစီးတော့ပါ။

ယခုအခြေအနေမျိုး ဘယ်နှဦးဖြစ်ခဲ့ပြီးပြီဆိုတာ မသိနိုင်ပါ။ ခရီးသွားပြည်သူများက ကိုယ်ပိုင်လည်းမစီးနိုင်၊ အငှားယာဉ်ဖိုးလည်း ချွေတာရသောကြောင့် အဆင်ပြေစိတ်ချမ်းသာမှုရှိစေရန် စွမ်းဆောင်နိုင်သူများ သတိရပါစေဟု ဆုတောင်းရင်း မေတ္တာပို့သပါသည်ရှင့်။

ဘုရားသို့အသွား ကားစီးစဉ်က ကံကောင်းထောက်မ၍ ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် ကားပေါ်မတက်ရသေးလို့တော်ပါသေးသည်။ ကားပေါ်ရောက်မှ သာဆိုလျှင် ထိုးကြကြိတ်ကြ ရိုက်ကြတော့မှာမို့ မတွေးဝံ့ပါဘူးရှင့်။ ခရီးသွားအများစုမှာ ဘုရားစာရွတ်ရင်း ဘုရားတ၍ သွားလာနေရပါကြောင်း သိစေကြားစေလိုပါသည်ရှင့်။

ရွှေပြည်သာဘွားဘွား။

လောင်စာဆီ သိုလှောင်ရုံနှင့် မီးဘေးအန္တရာယ်

စာတည်းခင်ဗျား-

မွန်ပြည်နယ် ရေးမြို့ အောင်မင်္ဂလာရပ်ကွက် ကွက်သစ် (၃)လမ်းရှိ လူနေအိမ်များကြားတွင် တစ်နှစ်ပတ်လုံး လောင်စာဆီပီပါ အလုံးပေါင်းများစွာကို သိုလှောင်ရောင်းချလျက်ရှိသည်။ ၎င်းလောင်စာဆီ သိုလှောင်ရုံအနီးအနားရှိ လူနေအိမ်များမှာ ခနိမိုးအိမ်များဖြစ်ရာ သိုလှောင်ရုံပတ်ဝန်းကျင်တွင် နေထိုင်သူများမှာ မီးဘေးအန္တရာယ် စိုးရိမ်နေရပါသဖြင့် ဖယ်ရှားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူရပ်ကွက်သားများ။

အကြော်ဆိုင်များ ဖယ်ရှားရှင်းလင်းပြီးစီး

၂၂-၂-၂၀၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ ပေးစာကဏ္ဍ၌ပါရှိသော ဝေါမြို့ မင်းလမ်း ပလက်ဖောင်းပေါ်တွင် ပျံ့ကျဈေးသည်များ၏ အကြော်ဆိုင်များ ဖယ်ရှားပေးစေလို ပေးစာကိစ္စအား ဖြေရှင်းဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ချောက်မြို့က ရေမီတာ လာမည့်ဘဏ္ဍာနှစ်တွင် လျှော့ချကောက်ခံပေးမည်

၂၀-၄-၂၀၁၂ ရက်နေ့ ပြည်သူ့ထံပေးစာအခန်းကဏ္ဍ၌ ဖော်ပြပါရှိသော ချောက်မြို့တွင် "ရေဈေးနှုန်းကြီး၍ အခက်တွေ့"နှင့်ပတ်သက်၍ ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ချောက်မြို့အား ဧရာဝတီမြစ်ရေအားလျှပ်စစ်ဖြင့် တင်၍ မြို့အားရေပေးဝေရပြီး လျှပ်စစ်မီတာခများ ပေးဆောင်ရမှု များပြားခြင်း၊ မြို့ရေပေးရေး ရင်းနှီးမြှုပ်နှံမှုအတွက် အဖွဲ့ရန်ပုံငွေမှ ကျခံသုံးစွဲရမှု များပြားခြင်းနှင့် အခြားမြို့ကြီးများဖြစ်သော ရန်ကုန်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီများကဲ့သို့ ဝင်ငွေများပြားမှု မရှိခြင်းတို့ကြောင့် ရေမီတာ တစ်ယူနစ် ကျပ်၂၀၀ နှုန်း ကောက်ခံခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အခြားသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနည်းတူ မိမိရရှိသော ဝင်ငွေအပေါ် မူတည်၍ အသုံးစရိတ်များ ကျခံသုံးစွဲရခြင်း၊ ဝင်ငွေအပေါ် အခြေခံ၍ မြို့ရေပေးရေး အခြေခံအဆောက်အအုံများအား တည်ဆောက်ရခြင်း၊ မြို့ရေပေးရေး အခြေခံအဆောက်အအုံများအတွက် လက်ငင်းအချိန်တွင် မတည်ရင်းနှီး စရိတ်ကြီးမြင့်နေခြင်း၊ ဧရာဝတီမြစ်ရေတင်၍ မြို့ရေပေးဝေရသဖြင့် လျှပ်စစ်မီတာခများ ပေးဆောင်ရမှု များပြားနေခြင်းတို့ကြောင့် "(၂၀၁၂-၂၀၁၃) ဘဏ္ဍာရေးနှစ်တွင် ရေမီတာ တစ်ယူနစ်လျှင် ကျပ်၂၀၀ နှုန်းဖြင့် ကောက်ခံနေသော်လည်း လာမည့်ဘဏ္ဍာရေးနှစ်များတွင် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့သို့ တင်ပြ၍ ရေဈေးနှုန်းများအား လျှော့ချကောက်ခံမှု ပြုသွားမည်" တင်ပြအပ်ပါသည်။

(ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းကို နေ့စဉ်ထုတ်ပြန်ပေးနေ နိုင်ငံခြားငွေလဲလှယ်နှုန်းများသည် တရားမဝင်ဈေးကွက်မှ ဈေးနှုန်းများနှင့် ကွာဟချက် များစွာမရှိတော့

အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကြံပေးအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၆

နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မြန်မာနိုင်ငံတွင် ပြည်တွင်းပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များ ဖက်စပ်ဖွင့်လှစ်ရေး၊ နိုင်ငံခြားဘဏ်များ လာရောက်ရေးကိစ္စများအား အကြံပြုတင်ပြနိုင်ရန်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကြံပေးအဖွဲ့ အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ယခု အစည်းအဝေးတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မြန်မာနိုင်ငံတွင် ပြည်တွင်းပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များ ဖက်စပ်ဖွင့်လှစ်နိုင်ရေး အစီအမံများအပြင် နိုင်ငံခြားဘဏ်များ လာရောက်ရေးကိစ္စများအား ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသုံးငွေလဲလှယ်နှုန်းပေါင်းစည်းရေးကို ဆောင်ရွက်ခဲ့ရာတွင် ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်ငွေလဲနှုန်းစနစ်(Managed Floating Exchange Rate Regime)ကို ကျင့်သုံးခဲ့ရာ ယခုဆိုလျှင် နှစ်လနီးပါး ရှိပြီဖြစ်ကြောင်း၊ ၎င်းစနစ်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း(Reference Foreign Exchange Rate) ကို နေ့စဉ်ထုတ်ပြန်ပေးနေပြီး ငွေလဲလှယ်နှုန်းအတက်အကျများ လျော့နည်းစေရန်အတွက် မြန်မာကျပ်ငွေ တန်ဖိုးကို ငွေကြေးဈေးကွက် အခြေအနေအရသတ်မှတ်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ကျင့်သုံးခဲ့ရာမှ နိုင်ငံခြားငွေလဲလှယ်နှုန်းများသည် တရားမဝင် ဈေးကွက်တွင် ဖြစ်ပေါ်နေသည့် ဈေးနှုန်းများနှင့် ကွာဟချက် များစွာမရှိတော့သည်ကို တွေ့ရှိရကြောင်း။

နိုင်ငံပိုင်ဘဏ်များတွင် စာရင်းဖွင့်လှစ်သော နိုင်ငံခြားငွေစာရင်းများ၏ လက်ကျန်ငွေများအား သွင်းကုန်တင်သွင်းခွင့် အပါအဝင် လွှတ်လပ်စွာသုံးစွဲခွင့်ပြုရန်နှင့် ဘဏ်များမှ အခွန်အခများ ဖြတ်တောက်မှုမပြုရန် ၂၄-၄-၂၀၁၂ ရက်တွင် ညွှန်ကြားချက်အမှတ် (၉/၂၀၁၂)ဖြင့် ထုတ်ပြန်ခဲ့ပြီး ၁-၅-၂၀၁၂ ရက်မှစ၍ လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် နိုင်ငံပိုင်ဘဏ်အသီးသီးတွင် ငွေစာရင်းဖွင့်လှစ်ခြင်း၊ ငွေသွင်းငွေထုတ်ခြင်းများကို စနစ်တကျဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့◆

နိုင်ငံတကာအနုပညာရပ်ဝန်း **အေဝမ်းစိုး**

တောင်ကိုရီးယားတွင် ပထမဆုံးအကြိမ် ဖျော်ဖြေမည့် ရက်ပ်ပါ အမ်မီနမ်

ကမ္ဘာကျော်ရက်ပ်ပါ အမ်မီနမ်သည် လာမည့်ဩဂုတ်လတွင် တောင်ကိုရီးယားနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်၍ ရက်ပ်ဂီတဖျော်ဖြေပွဲတစ်ရပ် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဂီတဖျော်ဖြေပွဲ ကျင်းပရေးအေဂျင်စီ Hyundai Card က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထုတ်ပြန်ကြေညာရာ၌ အမေရိကန်နာမည်ကျော် ရက်ပ်ပါတစ်ဦးဖြစ်သည့် အမ်မီနမ်သည် ၎င်း၏ Recovery Tour ဟု အမည်ပေးထားသော ဂီတဖျော်ဖြေရေး ခရီးစဉ်ကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော် အိုလံပစ်အားကစားကွင်းတွင် ဩဂုတ် ၁၉ ရက်မှ စတင် ဖွင့်လှစ်သွားမည်ဟု ဆိုသည်။

ရက်ပ်အဆိုတော် အမ်မီနမ်။

အမေရိကန်ရက်ပ်ပါ၊ တေးထုတ်လုပ်သူ၊ သီချင်းရေးဆရာနှင့် သရုပ်ဆောင်တစ်ဦးဖြစ်သူ အမ်မီနမ်သည် ၁၉၉၉ ခုနှစ်က ၎င်း၏ ပထမဆုံးတေးအယ်လ်ဘမ် The Slim Shady LP ဖြင့် နာမည်ရအောင်မြင်ကျော်ကြားလာသူ ဖြစ်သည်။

အမ်မီနမ်သည် ဂရမ်မီ ၁၃ ဆု ဆွတ်ခူးရရှိထားသူတစ်ဦးဖြစ်သကဲ့သို့ Rolling Stone ၏ တစ်သက်တာအကောင်းဆုံးဂီတအနုပညာရှင် ၁၀၀ စာရင်းတွင်လည်း နံပါတ် ၈၂ နေရာတွင် ရပ်တည်နေသူဖြစ်သည်။

အမ်မီနမ်၏ ဂီတဖျော်ဖြေပွဲ လက်မှတ်များကို အွန်လိုင်းမှတစ်ဆင့် ရောင်းချသွားမည်ဖြစ်ရာ interpark.com ဝက်ဘ်ဆိုက်တွင် ဇွန် ၁၄ ရက်မှစ၍ ဝယ်ယူအားပေးနိုင်ကြောင်းသိရသည်။အင်တာနက်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

ယနေ့ သတင်းအညွှန်း

“အနေဖြင့်” ဟေဟေသီသီ သုံးစွဲနေ
ဖတ်စရာ မှတ်စရာ စာမျက်နှာ - ၂

မြို့တော်ဂျကာတာရှိ လေဆိပ်ကို တိုးချဲ့တည်ဆောက်မှု စတင်မည်
နိုင်ငံတကာသတင်း စာမျက်နှာ - ၄

ရိုတာပိုင်းရပ်စ်ကာကွယ်ဆေး ရဝမ်ဒါ၌ စတင်သုံးစွဲမည်
နိုင်ငံတကာသတင်း စာမျက်နှာ - ၅

အာဆီယံအမွေအနှစ် ဥယျာဉ် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော
သတင်းမှတ်စု စာမျက်နှာ - ၇

ရောဘတ်တိုမာတီနက်ဇ်အား လီဗာပူးအသင်း ကမ်းလှမ်းခဲ့
အားကစားသတင်း စာမျက်နှာ - ၉

အာကာသပျံသန်းမှုသမိုင်း၏ စာမျက်နှာသစ်

ဇင်ထူး

၂၀ ရာစုအလယ် ၁၉၅၇ ခုနှစ်အောက်တိုဘာ ၄ ရက်နေ့မှာ ဆိုဗီယက်ပြည်ထောင်စုက Sputnik-1 အမည်ရှိတဲ့ ဂြိုဟ်တုတစ်လုံးကို ကမ္ဘာပတ် လမ်းကြောင်းအတွင်း လွှတ်တင်လိုက်ခြင်းမှ စတင်ခဲ့တဲ့ လူသားတို့ရဲ့ အာကာသပျံသန်းမှုသမိုင်းဟာ ပြီးခဲ့တဲ့ ရာစုနှစ်ဝက်တစ်လျှောက်လုံးနဲ့ ၂၁ ရာစုအစောပိုင်း ရောက်လာတဲ့အထိ စူးစမ်းလေ့လာမှုသာ အဓိကဖြစ်ခဲ့ရာကနေ မကြာမတင်သော ကာလကစပြီး စီးပွားရေးနယ်ပယ်တစ်ခုလည်း ဖြစ်လာပါတယ်။

အိုင်အက်စ်အက်စ်သို့ ချဉ်းကပ်လာသော လူမဲ့အာကာသကုန်တင်ယာဉ် Dragon ကို တွေ့ရစဉ်။

ဒီကနေ့ (စနေနေ့) ဝ၉၅၃ (GMT)အချိန် ကမ္ဘာပတ်လမ်းကြောင်းပေါ်မှာရှိနေတဲ့ နိုင်ငံတကာ အာကာသစခန်းယာဉ်(အိုင်အက်စ်အက်စ်)နဲ့ ပုဂ္ဂလိက အာကာသကုမ္ပဏီတစ်ခုဖြစ်တဲ့ Space X ရဲ့ Dragon(နဂါး) အမည်ရှိတဲ့ အာကာသကုန်တင်ယာဉ်တို့ ချိတ်ဆက်မိပြီးတဲ့နောက် ၂၄ နာရီမပြည့်သေးခင်မှာပဲ အိုင်အက်စ်အက်စ်မှာရှိနေတဲ့ အာကာသယာဉ်မှူးတွေထဲက နှစ်ဦးဟာ Dragon ရဲ့ ကုန်လှောင်ခန်းထဲကို စတင် ဝင်ရောက်ကြပါတယ်။ ဒါဟာ အာကာသပျံသန်းမှုသမိုင်းမှာ စီးပွားဖြစ်ပျံသန်းမှုတစ်ခုစတင်လိုက်ခြင်းလည်းဖြစ်ပါတယ်။

စာမျက်နှာ ၉ ကော်လံ ၆ သို့☆

အိုင် အက်စ်အက်စ်မှ အာကာသယာဉ်မှူးများ Dragon ကုန်တင် အာကာသယာဉ်အတွင်းသို့ ဝင်ရောက် ကြစဉ်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၆ - ၅ - ၂၀၁၂

ရွှေကျင်	၆ ဒသမ ၇၅ လက်မ
ပေါင်	၁ ဒသမ ၇၇ လက်မ
မြောက်ဦး	၁ ဒသမ ၅၀ လက်မ
ကျိုင်းတုံ	၁ ဒသမ ၃၄ လက်မ
သထုံ	၁ ဒသမ ၂၂ လက်မ